# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**စောင့်ရှောက်ထားအပ်သောစိတ်**

အလွန့်အလွန်မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော၊ အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၂ ရက် ၂၀၂၂ ခုနှစ်၊ ဇူလိုင် ၁၄ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၁)၊ အမှတ် (၂၈၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ Republic of the Tatarstan သို့ ရောက်ရှိ၊ သမ္မတနှင့် တွေ့ဆုံဆွေးနွေး

## စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး စသည့်ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေး

နေပြည်တော် ဇူလိုင် ၁၃

ရုရှားဖက်ဒရေးရှင်း နိုင်ငံ၌ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် စစ်သံမှူး ဗိုလ်မှူးချုပ် မိုးကျော်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ ဒေသစံတော်ချိန် ညနေပိုင်းတွင် Republic of the Tatarstan ကာဇန်မြို့ ကာဇန်လေဆိပ်သို့ ရောက်ရှိကြရာ Republic of the Tatarstan သမ္မတ Mr. Rustam Nurgaliyevich Minnikhanov နှင့် တာဝန်ရှိသူတို့က ရိုးရာဓလေ့ထုံးတမ်းစဉ်လာများနှင့် အညီ ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကိုယ်စားလှယ်

*စာမျက်နှာ ၃ ကော်လံ ၁* ■



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် Republic of the Tatarstan သမ္မတ Mr. Rustam Nurgaliyevich Minnikhanov တို့ သီးသန့်တွေ့ဆုံဆွေးနွေးစဉ်။

**ယနေ့** *ဖတ်စရာ*

**ဆော်ဒီအာရေဗျနိုင်ငံသို့ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် ထွက်ခွာ**

နိုင်ငံတကာသတင်း စာ - ၁၃



**ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းကောင်းများစွာဖြင့် နိုင်ငံတကာကို ဖိတ်ခေါ်လျက်ရှိသည့် သီလဝါအထူးစီးပွားရေးဇုန်**

ဆောင်းပါး စာ - ၁၆



# ရှေ့သို့လှမ်းရမည့် ခြေလှမ်းများ

၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းမှစတင်ကာ ယခုအချိန်ထိ အရှိန်မသေသေးသည့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကမ္ဘာ့နိုင်ငံများအားလုံး ထိခိုက်ခံစားကြရသည်။ အထူးသဖြင့် ကိုဗစ် - ၁၉ ကြောင့် ကမ္ဘာ့စီးပွားရေးသည် လေးလံတုံ့ဆိုင်းကျဆင်းခဲ့ရာတွင် နိုင်ငံများစွာတို့လည်း တစ်နွယ်ငင် တစ်စင်ပါဆိုသလို စီးပွားရေးနှင့်ဆက်နွယ်၍ နိုင်ငံရေး၊ လူမှုရေးတို့တွင်လည်း ရိုက်ခတ်မှုများ ရှိခဲ့သည်။ သည်ကြားထဲတွင် ရုရှား-ယူကရိန်း စစ်ပွဲဖြစ်ပေါ်လာသောအခါ ယင်းနှင့်ဆက်နွယ်၍ ဖြစ်ပေါ်လာသည့် စားနပ်ရိက္ခာပြဿနာ၊ လောင်စာစွမ်းအင်ပြဿနာတို့ကလည်း ကမ္ဘာတစ်ခွင်လုံးကို တိုက်ရိုက်တစ်မျိုး၊ သွယ်ဝိုက်၍တစ်ဖုံ အထိနာစေခဲ့ရာ ကပ်ရောဂါနှင့် စစ်ပွဲဆိုင်ရာပြဿနာတို့က သီရိလင်္ကာကဲ့သို့သော အားနည်းသည့်ခံစားတော်ခံရှိနေသည့် နိုင်ငံမျိုးကို အဆိုးရွားဆုံးအခြေအနေဆီသို့ ကျရောက်သွားစေခဲ့သည်။

စင်စစ်အားဖြင့်ဆိုရလျှင် မိမိတို့နိုင်ငံသည်လည်း ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါနှင့် ရုရှား-ယူကရိန်းစစ်ပွဲတို့မှ ထွက်ပေါ်လာသည့် ရိုက်ခတ်မှုများနှင့် လွတ်ကင်းမှုမရှိခဲ့ပါ။ ထိုထက်ပို၍ဆိုးသည်မှာ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲကို အကြောင်းပြု၍ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးအပြောင်းအလဲများနှင့် အကြမ်းဖက်တိုက်ခိုက်မှုများကိုပါ ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။ လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါသည် မြန်မာနိုင်ငံအတွင်း ကောင်းစွာထိန်းချုပ်ထားနိုင်သည့် အခြေအနေသို့ ရောက်ရှိနေပြီဖြစ်ပြီး စီးပွားရေးလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရန် အားထုတ်ကြိုးပမ်းလျက်ရှိသည်။ စက်သုံးဆီကို ပြည်ပမှ တင်သွင်းနေရခြင်းဖြစ်သည့်အတွက် ပြည်တွင်း၌ စက်သုံးဆီဈေးနှုန်းမြင့်တက်မှုကို နိုင်ငံတကာနည်းတူ ခံစားရပြီး ဆက်စပ်လျက် အထွေထွေကုန်ဈေးနှုန်းများမြင့်တက်လာမှုကို ရင်ဆိုင်နေရသည်။

မျက်မှောက်ကာလ ကမ္ဘာ့အခြေအနေ၊ မြန်မာ့အခြေအနေတို့ကို ဒုတိယကမ္ဘာစစ်ပြီး မြန်မာ့လွတ်လပ်ရေးအကြိုကာလနှင့် ထင်ဟပ်ကြည့်နိုင်သည်။ ထိုစဉ်က ကမ္ဘာစစ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည်များကို ပြန်လည်ထူထောင်ရန်နှင့် နိုင်ငံလွတ်လပ်ရေးအရယူရန် တစ်မျိုးသားလုံးကြိုးပမ်းကြရေးအတွက် ဗိုလ်ချုပ်အောင်ဆန်းက တိုက်တွန်းနှိုးဆော်ရာတွင် အလုပ်လုပ်ကြရေးနှင့် ညီညွတ်ရေးတို့အတွက် အထူးတလည် ဆော်ဩခဲ့သည်။

"ကျွန်တော်တို့က တကယ်ပဲ သုညကစပြီး အကုန်လုံးပြန်ပြီးတော့ အုတ်မြစ်ချပြီး အလုပ်လုပ်ရမှာဆိုတော့ အခြားနိုင်ငံတွေက ခြေလှမ်းတစ်လှမ်း လှမ်းရင်၊ တခြားလွတ်လပ်တဲ့နိုင်ငံတွေက ခြေလှမ်းတစ်လှမ်း လှမ်းရင် ကျွန်တော်တို့က ခြေလှမ်း ၄၊ ၅၊ ၁၀ လှမ်း လှမ်းလိုက်နိုင်မှ၊ အဲဒီလိုလိုက်နိုင်တဲ့အခါကျမှ နောင် ၁၀ နှစ်၊ အနှစ် ၂၀ တန်သည်အားဖြင့် အဲဒီလိုတန်းတူညီတူဖြစ်သွားမယ်"

"တိုင်းရင်းသားအချင်းချင်းညီညွတ်ရေး၊ တိုင်းသူပြည်သားလူထုညီညွတ်ရေး၊ အဲဒီညီညွတ်ရေးနှစ်ခုမရှိသမျှ ကာလပတ်လုံး၊ ဒီတိုင်းပြည်ဟာ လွတ်လပ်ပင် လွတ်လပ်ငြားသော်လည်း ဘယ်ပါတီ တက်တက်၊ ဘယ်အစိုးရ လုပ်လုပ်(----) တိုင်းပြည်ဖြစ်နေမှာပဲလို့ ကျွန်တော်ပြောချင်တယ်။ အဲဒီတော့ကာ ဒီနှစ်ခုကို ခင်ဗျားတို့ မပျက်ပြားပါစေနဲ့၊ ဘယ်သူက ဘာလုပ်လုပ် မပျက်ပါစေနဲ့၊ အဲဒါ အင်မတန်အရေးကြီးပါတယ်" ဟူ၍ ပြောကြားခဲ့ရာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ အဆိုအမိန့်များသည် ပစ္စုပ္ပန်အခြေအနေများနှင့် ကိုက်ညီနေဆဲ၊ မျက်မှောက်ကာလအထိ လိုက်ပါဆောင်ရွက် အကောင်အထည်ဖော်ရန် လိုအပ်နေဆဲ ဖြစ်ပါကြောင်း။ ။

## ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ➢ ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ပန်းစည်း/ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/သံပိုက်များ ယူဆောင်၍ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- ➢ လာရောက်သူများအားလုံး နှာခေါင်းစည်း (Mask) များ မပျက်မကွက်စနစ်တကျ တပ်ဆင်ရန်။
- ➢ သတ်မှတ်ပေးထားသော နေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ➢ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းနှင့် ဗိုလ်ချိုလမ်းဆုံတွင် ကိုယ်အပူချိန်တိုင်းတာခြင်း အပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသား စိစစ်ရေးကတ်(သို့မဟုတ်)ဝန်ထမ်းကတ်(သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်)ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား ယူဆောင်လာပါရန်။
- ➢ ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ➢ ကိုယ်အပူချိန်မြင့်ခြင်း (အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- ➢ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- ➢ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ➢ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ် - ၁၉ ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်။
- ➢ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်း မပြုရန်။
- ➢ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အင်အားကုန်ခန်းခြင်းစသည့် ရောဂါလက္ခဏာများဖြစ်ပွားနေပါက လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။

## အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုမည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ➢ ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ပန်းစည်း/ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင်အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/သံပိုက်များ ယူဆောင်၍ အာဇာနည်ဗိမာန်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- ➢ လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက်စနစ်တကျ တပ်ဆင်ရန်။
- ➢ သတ်မှတ်ပေးထားသော နေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ➢ ဗဟန်းမြို့နယ်၊ လင့်ခ်လမ်းတွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ် (သို့မဟုတ်) ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား ယူဆောင်လာပါရန်။
- ➢ ကျန်းမာရေးဝန်ကြီးဌာနမှသတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ➢ ကိုယ်အပူချိန်မြင့်ခြင်း (အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- ➢ အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- ➢ အာဇာနည်ဗိမာန် ရင်ပြင်ပေါ်တွင် ဂါရဝပြုသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ (၁)ကြိမ်လျှင် (၁၀)ဦးစီဖြင့် သတ်မှတ်နေရာတွင် ဂါရဝပြုအလေးပြုရန်နှင့် ပြန်လည်ထွက်ခွာရာတွင်လည်း တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ➢ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ် - ၁၉ ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်။
- ➢ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်း မပြုရန်။
- ➢ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အင်အားကုန်ခန်းခြင်းစသည့် ရောဂါလက္ခဏာများဖြစ်ပွားနေပါက လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။
- ➢ အစုလိုက် အလေးပြုသည့်အချိန်အား (၁၅) မိနစ်ထက် ပိုမကြာစေရန်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၁၃**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။

မိုး/ဇလ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် Republic of the Tatarstan သမ္မတ Mr. Rustam Nurgaliyevich Minnikhanov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။

■ *ရှေ့ဖုံးမှ*

အဖွဲ့ဝင်များသည် Republic of the Tatarstan သမ္မတအိမ်တော်သို့ ရောက်ရှိကြရာ Republic of the Tatarstan သမ္မတ Mr. Rustam Nurgaliyevich Minnikhanov က ကရင်မလင်ရှိ သမ္မတရုံးတွင် ကြိုဆိုနှုတ်ဆက်သည်။ ယင်းနောက် သမ္မတရုံးခန်း၌ သီးသန့်တွေ့ဆုံဆွေးနွေးပြီး အမှတ်တရလက်ဆောင်များ အပြန်အလှန် ပေးအပ်ကြသည်။

**အပြန်အလှန်မိတ်ဆက်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် Republic of the Tatarstan သမ္မတတို့သည် သမ္မတရုံးရှိ ညှိနှိုင်းခန်းမဆောင်၌ တက်ရောက်လာကြသည့် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် အပြန်အလှန်မိတ်ဆက်ပေးပြီး ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ တွေ့ဆုံဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ခရီးစဉ်တွင်လိုက်ပါလာသည့် စစ်ဘက်နယ်ဘက် အရာရှိကြီးများ၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးလွင်ဦး၊ စစ်သံမှူး ဗိုလ်မှူးချုပ်မိုးကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး Republic of the Tatarstan သမ္မတနှင့်အတူ ဝန်ကြီးများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံဆွေးနွေးရာတွင် ရုရှား-မြန်မာ သံတမန်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ရေးဆိုင်ရာများ၊ Republic of the Tatarstan သမ္မတအနေဖြင့် မြန်မာနိုင်ငံသို့ ယခုနှစ် ဧပြီလတွင် ရောက်ရှိခဲ့ပြီး စီးပွားရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆွေးနွေးဆောင်ရွက်ခဲ့သည့် အခြေအနေ၊ နှစ်ဦးနှစ်ဖက် ဆက်ဆံမှုတိုးမြှင့်ရေးအတွက် ကူးသန်းရောင်းဝယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာတို့တွင် မြှင့်တင်ဆောင်ရွက်သွားနိုင်မည့် ကိစ္စရပ်များ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်ခြင်း၊ စက်ရုံ၊ အလုပ်ရုံများ တည်ဆောက်ခြင်း၊ စက်ပစ္စည်းများ တပ်ဆင်ထိန်းသိမ်းခြင်းတို့ကို ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေ၊ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး စသည့်ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ထို့နောက် kazan မြို့ရှိ စီးပွားရေးဆိုင်ရာလုပ်ငန်းများအလိုက် တာဝန်ရှိသူများက လုပ်ငန်းတစ်ခုချင်းစီအလိုက် လုပ်ငန်းဆောင်ရွက်နေမှု

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် ဇနီး ဒေါ်ကြူကြူလှတို့အား Republic of the Tatarstan ကာဇန်မြို့ ကာဇန်လေဆိပ်၌ Republic of the Tatarstan သမ္မတ Mr. Rustam Nurgaliyevich Minnikhanov က ရိုးရာဝတ်စုံဝတ်ဆင်ထားသည့် ဘာသာအသင်း... 

❒ **နှစ်ဦးနှစ်ဖက် ဆက်ဆံမှုတိုးမြှင့်ရေးအတွက် ကူးသန်းရောင်းဝယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာတို့တွင် မြှင့်တင်ဆောင်ရွက်သွားနိုင်မည့် ကိစ္စရပ်များ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်ခြင်း၊ စက်ရုံ၊ အလုပ်ရုံများ တည်ဆောက်ခြင်း၊ စက်ပစ္စည်းများ တပ်ဆင်ထိန်းသိမ်းခြင်းတို့ကို ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေး**

## စုပေါင်းလုပ်မှ အကျိုးရှိနိုင်

**တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့စုပေါင်းပြီး အင်တိုက်အားတိုက် လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာက တစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့ကတခြား အကွဲကွဲအပြားပြား လုပ်နေကြရင် အကျိုးရှိမှာ မဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ်။**

**(၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ပင်လုံညစာစားပွဲတွင် ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဂုဏ်ပြုညစာစားပွဲတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

*စာမျက်နှာ ၃ မှ*

အခြေအနေ၊ နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် Republic of the Tatarstan သမ္မတတို့က လုပ်ငန်းတစ်ခုချင်းစီအလိုက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများအား အလေးအနက်ထား ဖြည့်စွက်ဆွေးနွေးပြောကြားကြသည်။

### ဂုဏ်ပြုညစာ တည်ခင်းဧည့်ခံ

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား Republic of the Tatarstan သမ္မတ က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

### နှုတ်ခွန်းဆက်စကားများ ပြောကြား

ဦးစွာ Republic of the Tatarstan သမ္မတနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်တို့သည် နှုတ်ခွန်းဆက်စကားများ ပြောကြားကြပြီး အဖွဲ့ဝင်များနှင့်အတူ ညစာကို အတူတကွ သုံးဆောင်ကြသည်။

### ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်

ညစာသုံးဆောင်နေစဉ်အတွင်း Republic of the Tatarstan မှ ရိုးရာတေးဂီတအဖွဲ့က ရိုးရာတေးသီချင်းများ၊ ယဉ်ကျေးမှုအကအလှများဖြင့် တီးမှုတ်ဖျော်ဖြေတင်ဆက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Republic of the Tatarstan သမ္မတ အထူးဧည့်ဂေဟာသို့ ရောက်ရှိကာ ညအိပ်ရပ်နားခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Republic of the Tatarstan မှ ရိုးရာတေးဂီတအဖွဲ့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။



Republic of the Tatarstan မှ ရိုးရာတေးဂီတအဖွဲ့က ရိုးရာတေးသီချင်းများ၊ ယဉ်ကျေးမှုအကအလှများဖြင့် တီးမှုတ်ဖျော်ဖြေတင်ဆက်ကြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ Republic of the Tatarstan ရှိ PJSC “Tatneft” ကုမ္ပဏီအမှုဆောင်အရာရှိချုပ်နှင့် တွေ့ဆုံဆွေးနွေး၊ Kazan Hi-Technology Park သို့ သွားရောက်လေ့လာ

နေပြည်တော် ဇူလိုင် ၁၃

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် စစ်သံမှူး ဗိုလ်မှူးချုပ် မိုးကျော်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့ဒေသစံတော်ချိန် နံနက်ပိုင်းတွင် Republic of the Tatarstan၊ ကာဇန်မြို့ရှိ PJSC “Tatneft” ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပြီး Kazan Hi–Technology Park သို့ သွားရောက်လေ့လာကြည့်ရှုသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် Republic of the Tatarstan ရှိ PJSC “Tatneft” ကုမ္ပဏီအမှုဆောင်အရာရှိချုပ် Mr. Nail Ultatovich MAGANOV (နာအီးလ် အူဖာသောဗစ်ချ် မာဂါနော့ဗ်) တို့ တွေ့ဆုံဆွေးနွေးစဉ်။

## လာရောက်ရှင်းလင်းတင်ပြ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား PJSC “Tatneft”ကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ် Mr. Nail Ultatovich MAGANOV (နာအီးလ် အူဖာသောဗစ်ချ် မာဂါနော့ဗ်)နှင့် တာဝန်ရှိသူတို့က ကုမ္ပဏီ၏ သမိုင်းအကျဉ်းနှင့် ခေတ်အဆက်ဆက် လုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ခဲ့မှု၊ စက်ရုံနှင့် လုပ်ငန်းခွဲစက်ရုံများ ထုတ်လုပ်ဆောင်ရွက်နေမှု အခြေအနေ၊ လောင်စာဆီအပြင် ရေနံမှထုတ်လုပ်သည့် အခြားလူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ဆောင်ရွက်နေသည့် အခြေအနေ၊ နိုင်ငံအဝန်းသို့ လောင်စာဆီများ တင်ပို့ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ကုမ္ပဏီ၏ လုပ်ငန်းလည်ပတ်နေမှု လုပ်ငန်းစဉ်များအား ခေတ္တတည်းခိုနေထိုင်လျက်ရှိသည့် Republic of the Tatarstan သမ္မတ အထူးဧည့်ဂေဟာ ဧည့်ခန်းမဆောင်၌ powerpoint presentation များနှင့်တကွ လာရောက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များက မြန်မာနိုင်ငံ၏ လောင်စာဆီလိုအပ်ချက်နှင့် ဖြည့်ဆည်းဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ “Tatneft” ကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်နိုင်မည့်အခြေအနေ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကို အခြေခံသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းများကို ရေရှည်ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် “Tatneft” ကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ်တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား Republic of the Tatarstan ရှိ PJSC “Tatneft” ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

■ မြန်မာနိုင်ငံ၏ လောင်စာဆီလိုအပ်ချက်နှင့် ဖြည့်ဆည်းဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ “Tatneft” ကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်နိုင်မည့်အခြေအနေ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကို အခြေခံသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းများကို ရေရှည်ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေး

## လှည့်လည်ကြည့်ရှု

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Kazan Hi–Technology Park(IT Park) သို့ ရောက်ရှိကြရာ Republic of the Tatarstan ဒစ်ဂျစ်တယ်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုရေးရာစီမံခန့်ခွဲမှု ဒုတိယဝန်ကြီး Mr. Khidiyatallin Ildar Rustamovich နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး Kazan Hi–Technology Park(IT Park) အတွင်း နည်းပညာရပ်ပိုင်းဆိုင်ရာများဖြင့် program များရေးဆွဲ၍ လုပ်ငန်းဆောင်ရွက်လျက်ရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

## ပြန်လည်မေးမြန်း

ယင်းနောက် IT Park မှ ဌာနအလိုက် တာဝန်ရှိသူများက Kazan Hi–Technology Park(IT Park)၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ၊ ဘာသာရပ်ဆိုင်ရာ သင်ကြားလေ့ကျင့်ပေးနေမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်မှု အခြေအနေ၊ လိုအပ်သည့် နည်းပညာရပ်ပိုင်းဆိုင်ရာ ဝန်ဆောင်မှုပေးနိုင်သည့် အခြေအနေ၊ ဆောက်လုပ်ရေးလုပ်ငန်းများတွင် Smart House နည်းပညာအပါအဝင် လုံခြုံရေး၊ ထိန်းချုပ်ရေးတို့နှင့် အခြားနည်းပညာရပ်ပိုင်းဆိုင်ရာ တပ်ဆင်မှုများကို ကုမ္ပဏီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို Powerpoint Presentation များဖြင့် ရှင်းလင်းတင်ပြရာ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးပြောကြားသည်။

*စာမျက်နှာ ၆ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များအား Kazan Federal University (Kazan State University) ၌ ဒုတိယပါမောက္ခချုပ် Mr.Timirkhan Alishev က ရှင်းလင်းတင်ပြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ Republic of the Tatarstan ရှိ Kazan Federal University သို့ သွားရောက်လေ့လာ

နေပြည်တော် ဇူလိုင် ၁၃

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် စစ်သံမှူး ဗိုလ်မှူးချုပ် မိုးကျော်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် Republic of the Tatarstan ကာဇန်မြို့ရှိ Kazan Federal University သို့ သွားရောက်လေ့လာသည်။

**မေးမြန်းဆွေးနွေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ် အဖွဲ့ဝင်များသည် Kazan Federal University (Kazan State University) သို့ ရောက်ရှိကြရာ တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် Mr.Timirkhan Alishev နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး တက္ကသိုလ်အတွင်း လှည့်လည်၍ Meeting Hall များ၊ စာသင်ခန်းမများ၊ ဘွဲ့နှင်းသဘင်ခန်းမနှင့် တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် ပါမောက္ခများ၊ ထူးချွန်သူများ၏ မှတ်တမ်းဓာတ်ပုံများ ခင်းကျင်းပြသထားရှိမှုတို့ကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေး ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ကျောင်းခန်းမတွင် ဒုတိယပါမောက္ခချုပ်က တက္ကသိုလ်သမိုင်းအကျဉ်း၊ ဌာနအလိုက် ဖွဲ့စည်းထားရှိမှုများ၊ တက္ကသိုလ်မှ သင်ကြားပေးနိုင်သည့် ဘာသာရပ်များ၊ ကျောင်းသား ကျောင်းသူများအတွက် နေထိုင်စားသောက်မှု အဆင်ပြေစေရေး စီစဉ်ဆောင်ရွက်ပေးထားရှိမှု၊ နိုင်ငံခြားမှ ပညာတော်သင် ကျောင်းသား ကျောင်းသူများ လက်ခံထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ရှင်းလင်းတင်ပြမှုများအပေါ် *စာမျက်နှာ ၇ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ Kazan Federal University အတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။

*စာမျက်နှာ ၅ မှ*

အဆိုပါ Kazan Hi–Technology Park(IT Park) သည် သတင်းအချက်အလက် နည်းပညာနယ်ပယ်ရှိ ကုမ္ပဏီများ၏ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်ဆောင်ရွက်နေသည့် ရုရှားနိုင်ငံ၏ ပထမဆုံးသော နည်းပညာဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ၂၀၀၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ကြောင်း၊ ၂၀၁၂ ခုနှစ်တွင် Naberezhnye Chelny မြို့၌ ဒုတိယဌာနချုပ်ကို ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး IT Park နှင့် လက်တွဲလုပ်ကိုင်နေသည့် နိုင်ငံပေါင်း ၁၆ နိုင်ငံရှိကာ နည်းပညာကုမ္ပဏီပေါင်း ၁၃၀ ခုရှိကြောင်း၊ IT Park သည် ရုရှားနိုင်ငံ၏ နည်းပညာဆိုင်ရာ အဆင့်သတ်မှတ်ချက်တွင် နံပါတ် ၁ နေရာကို ရရှိထားပြီး ယနေ့အချိန်အထိ ပညာရပ်ဆိုင်ရာ သင်ရိုးပေါင်း ၁၀၀ နှင့်အတူ နည်းပညာဆိုင်ရာ ပညာသင်တန်းသား ၈၂၇ ဦး မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ ဒုတိယဌာနချုပ်တွင် အသက် ၁၁ နှစ်မှ ၁၇ နှစ်ကြား ကလေးငယ်စုစုပေါင်း ၄၂၀ ကို Hardware Technology သင်ကြားပို့ချပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော အဖွဲ့ဝင်များ Kazan Hi–Technology Park (IT Park) အတွင်း ကြည့်ရှုလေ့လာကြစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ Kazan Federal University အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူတစ်ဦးက လိုက်လံရှင်းလင်းပြသကြစဉ်။

*စာမျက်နှာ ၆ မှ*

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များအား ပြန်လည်မေးမြန်းဆွေးနွေး ပြောကြားသည်။

### လက်ဆောင်ပေးအပ်

ထို့နောက် တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့သည်။ ယင်းနောက် Kazan Federal University အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

### အထူးပြုသင်ကြားလျက်ရှိ

အဆိုပါ Kazan Federal University ကို Imperial Kazan တက္ကသိုလ်အဖြစ် ၁၈၀၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ထင်ရှားကျော်ကြားသည့် နက္ခတ္တဗေဒပညာရှင် Nikolai Ivanovich Lobachevsky က ၁၈၂၇ မှ ၁၈၄၆ ခုနှစ်အထိ ပါမောက္ခချုပ် တာဝန်ထမ်းဆောင်ခဲ့ကြောင်း၊ အော်ဂဲနစ်ဓာတုဗေဒပညာရပ်နှင့် Electron Spin Resonance အား ရှာဖွေတွေ့ရှိရာ နေရာအဖြစ် ထင်ရှားကျော်ကြားခဲ့ကြောင်း၊ Kazan တက္ကသိုလ်သည် ၂၀၁၁ ခုနှစ်တွင် Federal အဆင့်သို့ ချီးမြှင့်ခံခဲ့ရပြီး ရုရှားနိုင်ငံအစိုးရမှ ကျင်းပပြုလုပ်သည့် Project 5–100 ၌ ပါဝင်ခဲ့သည့် တက္ကသိုလ် ၁၈ ခုအနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ ဇီဝဆေးပညာနှင့် ဆေးဝါးပညာရပ်၊ ရေနံသန့်စင်မှုနှင့် ထုတ်လုပ်မှုပညာရပ်၊ ဆက်သွယ်ရေးနှင့် အာကာသနည်းပညာဆိုင်ရာ ပညာရပ်နှင့် လူမှုရေးသိပ္ပံပညာရပ်တို့ကို အထူးပြုသင်ကြားလျက်ရှိကြောင်း သိရှိရပြီး ၂၀၂၀ ပြည့်နှစ်အရ နိုင်ငံခြားကျောင်းသား အရေအတွက် ၁၀၀၀၀ ကျော်ရှိခဲ့ကြောင်း သိရှိရသည်။

### လေ့လာကြည့်ရှု

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် ဇနီးဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ၊ ထူးချွန်ဆုရ အမျိုးသား၊ အမျိုးသမီး အရာရှိများသည်လည်း ကာဇန်မြို့ရှိ အထင်ကရနေရာများသို့ သွားရောက် လေ့လာကြည့်ရှုကြရာ သက်ဆိုင်ရာနေရာများအလိုက် တာဝန်ရှိသူများ၊ သံရုံး၊ စစ်သံရုံးများမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဒုတိယပါမောက္ခချုပ် Mr.Timirkhan Alishev တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ ကာဇန်မြို့ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာကြည့်ရှုကြစဉ်။

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး စစ်ကိုင်းတိုင်းဒေသကြီးရှိ အစိုးရအဖွဲ့ဝင်များ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်တာဝန်ရှိသူများ၊ နယ်မြေခံတပ်မှ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ

မုံရွာ ဇူလိုင် ၁၃

**နိုင်ငံတော်အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက် ၁၀ နာရီ မိနစ် ၅၀ တွင် ခန္တီးမြို့သို့ရောက်ရှိပြီး နယ်မြေခံတပ်နယ်သို့သွားရောက်၍ တပ်နယ်ခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို တွေ့ဆုံကာ လိုအပ်သည်များ မှာကြားကာ တပ်နယ်မိသားစုများကို စားသောက်ဖွယ်ရာ များနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ ပေးအပ်သည်။** (ယာပုံ)




ဆက်လက်၍ ခန္တီးတပ်နယ် နန်စီပွန်ရိပ်သာ အစည်းအဝေး ခန်းမ၌ မြို့မိမြို့ဖများ၊ ဒေသခံ တိုင်းရင်းသားများနှင့် တွေ့ဆုံ၍ တာဝန်ရှိသူများက ဒေသဖွံ့ဖြိုး ရေးလုပ်ငန်းများနှင့် ပတ်သက်၍ တင်ပြကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖြည့်စွက်တင်ပြရာ ပြည်ထောင်စုဝန်ကြီးက တင်ပြ ချက်များအပေါ် လိုအပ်သည်များ ကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်း ပေါင်းစပ် ဆောင်ရွက်ပေးကာ ဒေသခံ တိုင်းရင်းသားများထံ စားသောက်ဖွယ်ရာများ ပေးအပ် သည်။

**အမှာစကားပြောကြား**

ထို့နောက် ခန္တီးမြို့ရှိ ခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ရုံး အစည်းအဝေး



ခန်းမ၌ ခရိုင်၊ မြို့နယ်အဆင့် ဌာန ဆိုင်ရာများနှင့်တွေ့ဆုံ၍ ပြည် ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက အမှာစကားပြော ကြားသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ယင်းနောက် ခန္တီးခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင် စိုးမိုးက နယ်မြေဒေသ အခြေ အနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်ပေးပြီး တွေ့ဆုံ ပွဲအခမ်းအနားသို့ တက်ရောက် လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

**ဆက်ကပ်လှူဒါန်း**

ဆက်လက်ပြီး ပြည်ထောင်စု ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ခန္တီးမြို့ ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှု ခံယူနေကြသော ဒေသခံပြည်သူများကို ရင်းရင်း နှီးနှီး နှုတ်ဆက်အားပေးပြီး (ဝဲပုံ) ထေရဝါဒဗုဒ္ဓသာသနာပြု (ဗဟို) ကျောင်းတိုက်သို့သွားရောက်ကာ ဆရာတော်ကြီးများအား ဖူးမြော် ကြည်ညို၍ ဝတ္ထုငွေနှင့် လှူဖွယ် ပစ္စည်းများအား ဆက်ကပ်လှူဒါန်း ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး ပန်းခင်းစီမံချက် တိုင်းလုံးကျွတ်လျာထားချက်ရာနှုန်းပြည့် ပြီးမြောက်အောင်မြင်ပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၃

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကုန်တိုင်း ဒေသကြီး ပန်းခင်းစီမံချက် တိုင်းလုံးကျွတ်လျာထားချက် ရာနှုန်းပြည့် ပြီးမြောက်အောင်မြင်ပွဲကို ယနေ့နံနက် ၉ နာရီခွဲက ရန်ကုန်တိုင်းဒေသ ကြီးအစိုးရအဖွဲ့ မင်္ဂလာခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ ပြည်ထောင်စု ဝန်ကြီး ဦးခင်ရီက ပန်းခင်းစီမံ ချက်သည် ၂၀၂၁ ခုနှစ် မေ ၃ ရက် မှ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ ၃ ရက် အထိ ၁၈ လကြာ သတ်မှတ်၍ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းပမာဏ လျာထား သတ်မှတ်ဆောင်ရွက် ခြင်းဖြစ်ကြောင်း၊ ယခုအခါ စီမံ ချက်ကာလ တစ်နှစ်ကျော်ရှိပြီ ဖြစ်ပြီး ယင်းကာလအတွင်း ပဲခူး၊ ဧရာဝတီ၊ နေပြည်တော်၊ မန္တလေး၊ တနင်္သာရီ၊ မကွေး၊ ရခိုင်၊ မွန် စသည့် တိုင်းဒေသကြီး/ပြည်နယ် ရှစ်ခုသည် တိုင်းလုံးကျွတ် လျာထားချက် ရာနှုန်းပြည့် ပြီးမြောက် အောင်မြင်အောင် ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ယခု ရန်ကုန်တိုင်းဒေသကြီး အတွင်း ခရိုင် ၁၄ ခု၊ မြို့နယ် ၄၅ ခု၊ ရပ်ကွက် ၇၄၃ ခု၊ ကျေးရွာ အုပ်စု ၆၂၁ အုပ်စု၊ ကျေးရွာပေါင်း ၂၁၃၉ ရွာရှိပြီး ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသား ကတ်ထုတ်ပေးရန် ၇၁၄၈၂၁ ကတ်လျာထားရာ ယခု အခါ သတ်မှတ်ကာလအတွင်း လျာထားချက် ရာနှုန်းပြည့် ပြီးမြောက်အောင် ထုတ်ပေးပြီးဖြစ် သည့်အတွက် ရန်ကုန်တိုင်းဒေသ ကြီးသည် ကိုးခုမြောက် တိုင်းလုံး ကျွတ် လျာထားချက် ရာနှုန်းပြည့် ပြီးစီးသည့် တိုင်းဒေသကြီး တစ်ခု ဖြစ်ကြောင်း။

**ရှင်းလင်းပြောကြား**

နိုင်ငံသား ကတ်ပြားသည် လူတစ်ဦးချင်းအတွက် လူမှုဘဝ ဆောင်ရွက်မှုတိုင်းတွင် မရှိမဖြစ် လိုအပ်သည့် နိုင်ငံသားအထောက် အထားတစ်ခု ဖြစ်ကြောင်း၊ ယခုအခါ နိုင်ငံတော်အစိုးရက ပြည်သူများအတွက် ပန်းခင်းစီမံ ချက်ဖြင့် နိုင်ငံသားကတ်ရရှိရေး ဆောင်ရွက်ပေးနေ သကဲ့သို့ မဲစာရင်း မှန်ကန်ရေးအတွက် မိမိတို့ဝန်ကြီးဌာန၊ မြို့နယ်ရုံးများ ရှိ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ (၆၆/၆) နှင့် နိုင်ငံသားကတ် ထုတ်ပေးခြင်း မှတ်ပုံတင်စာအုပ် (နိုင်-၄) မှတ်တမ်းရှိ အချက် အလက်များကို ကွန်ပျူတာများ ဖြင့် ဖြည့်သွင်းကာ Online ဖြင့် နေပြည်တော်ရုံးချုပ်ရှိ Server သို့ ပေးပို့ဆောင်ရွက်သည့် လုပ်ငန်း ကိုလည်း သက်ဆိုင်ရာဒေသ အာဏာပိုင်များ၊ ဆက်စပ်ဌာန အဖွဲ့အစည်းများ၏ အကူအညီဖြင့် ကြိုးပမ်း ဆောင်ရွက်လျက်ရှိ



ကြောင်း၊ ယင်းအချက်အလက် များနှင့် သက်ဆိုင်ရာအဖွဲ့ အစည်း များ၏ မြေပြင်ကွင်းဆင်း ကောက်ယူသည့် အချက်အလက် များကို တိုက်ဆိုင်စစ်ဆေးကာ မဲစာရင်း မှန်ကန်ရေးအတွက် ဆက်လက် ဆောင်ရွက်ရမည့် အပြင် အဆိုပါအချက်အလက် များသည် မိမိတို့ဌာနမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် e-ID စနစ် လုပ်ငန်းအကောင်အထည် ဖော် ဆောင်ရွက်ရာတွင် များစွာ အထောက်အကူပြုမည် ဖြစ် ကြောင်း၊ နိုင်ငံသားကတ် ထုတ်ပေးခြင်း လုပ်ငန်းသည် လုပ်ငန်းသဘာဝအရ ရေရှည် စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့် လုပ်ငန်းတစ်ခုဖြစ်ရာ အားလုံးက ဆက်လက်၍ ဝိုင်းဝန်းကူညီ ပံ့ပိုး ဆောင်ရွက်ပေးကြစေလို ကြောင်း ရှင်းလင်းပြောကြား သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ရန်ကုန် တိုင်းဒေသကြီးအတွင်း ပန်းခင်း စီမံချက်လျာထားချက် ရာနှုန်း ပြည့် ပြီးမြောက်အောင်မြင်ရေး အတွက် ကြိုးပမ်းဆောင်ရွက်မှုနှင့် လုပ်ငန်းလိုအပ်ချက်များ ပံ့ပိုး ဖြည့်ဆည်း ဆောင်ရွက်ပေးမှုကို ရှင်းလင်းပြောကြားသည်။

**ရာထူးတိုးမြှင့်ပေး**

ယင်းနောက် ပြည်ထောင်စု ဝန်ကြီးသည် ပန်းခင်းစီမံချက် ပြီးမြောက်အောင်မြင်အောင် ပံ့ပိုး ကူညီ ဆောင်ရွက်ပေးကြသည့် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တိုင်းအဆင့် တာဝန်ရှိ သူများကို ဂုဏ်ပြုမှတ်တမ်းလွှာ များ ပေးအပ်ပြီး ပန်းခင်းစီမံချက် ကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြ သည့် ဝန်ထမ်းများကို တစ်ဆင့် မြင့် ရာထူးတိုးမြှင့်ပေးကာ ရာထူးတံဆိပ်များ တပ်ဆင်ပေး သည်။ **(အပေါ်ပုံ)**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန် ရှိသူများက လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနတို့မှ ခရိုင်နှင့် မြို့နယ် အုပ်ချုပ်ရေးမှူးများနှင့် ဦးစီးမှူး များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြပြီး တိုင်းဒေသကြီး ဦးစီးမှူး ဦးအောင်ဝင်းသိန်းက ပန်းခင်းစီမံချက် ပြီးမြောက်ခြင်း အထိမ်းအမှတ် တံဆိပ်ကို ပြည်ထောင်စုဝန်ကြီးထံ ပေးအပ် သည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက်တက်ရောက်လာ ကြသူများအား တိုင်းရင်းသားအဖွဲ့ က စည်းလုံးခြင်းအတွက် သီချင်း တစ်ပုဒ်သီချင်းဖြင့် ဖျော်ဖြေ တင်ဆက်ရာ ပြည်ထောင်စုဝန်ကြီး က ဂုဏ်ပြုငွေ ပေးအပ်ချီးမြှင့်ပြီး ခင်းကျင်းပြသထားသည့် ပန်းခင်း စီမံချက် ဆောင်ရွက်မှုမှတ်တမ်း များကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

**ရှင်းလင်းဖြေကြား**

အခမ်းအနားအပြီးတွင် ပြည် ထောင်စုဝန်ကြီးသည် ရန်ကုန် တိုင်းဒေသကြီး အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ တိုင်းဒေသ ကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေ၊ တာဝန်ရှိ သူများနှင့် တွေ့ဆုံကာ မဲဆန္ဒရှင် စာရင်း မှန်ကန်ရေးအတွက် ရွေးကောက်ပွဲ ကော်မရှင်နှင့် မိမိတို့ဌာနမှ ပေါင်းစပ်ဆောင် ရွက်နေမှု၊ ဆက်လက်ဆောင်ရွက် မည့် လုပ်ငန်းအစီအစဉ်များအပေါ် ဒေသအာဏာပိုင်များ အနေဖြင့် ဆက်လက် ပူးပေါင်းပါဝင်ကူညီ ဆောင်ရွက်ပေးနိုင်ရေး အခြေအနေ များနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားကာ သိရှိလိုသည့် မေးမြန်းချက်များအပေါ် ပြန်လည် ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ရန်ကုန်-တောင်ငူ ရထားလမ်းပိုင်းလုပ်ငန်းပြီးစီးမှု၊ တံတားတည်ဆောက်မှုနှင့် ရန်ကုန် RBE ရထားစက်ရုံတို့ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၃**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန် - မန္တလေး ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်း အဆင့် (၁) ဖြစ်သည့် ရန်ကုန်- တောင်ငူရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်း (ပြွန်တန်ဆာ စီမံကိန်းရုံး)၊ စီမံကိန်းရထားလမ်းပိုင်းပြီးစီးမှု၊ တံတားတည်ဆောက်မှုနှင့် ရန်ကုန်ရှိ Rail Bus Engine-RBE စက်ရုံ လုပ်ငန်းခွင်များကို ကြည့်ရှုစစ်ဆေးသည်။



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ရှိ ရန်ကုန်-တောင်ငူရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေး စီမံကိန်းအဆင့် (၁) ၏ ပဲခူး - ညောင်လေးပင် လမ်းပိုင်း (CP-102) စီမံကိန်းရုံး ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး တာဝန်ရှိသူများကို ရထားလမ်း အဆင့်မြှင့်တင်ရေး စီမံကိန်းသည် ရင်းနှီးမြှုပ်နှံမှု ကြီးမားသည့်အပြင် အများပြည်သူသယ်ယူပို့ဆောင်ရေး (Public Transportation) အဖြစ် အရေးပါသည့်အတွက် သတ်မှတ်ချိန်အတွင်းပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ရေးနှင့် သတ်မှတ်စံနှုန်းအတိုင်း အရည်အသွေး ပြည့်မီရေးတို့ကို အလေးအနက်ထား ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများအလိုက် သတ်မှတ်အချိန်ဇယားအတိုင်း ပြီးစီးနိုင်ရေးအတွက် ဌာနတာဝန်ရှိသူများအနေဖြင့် နိုင်ငံခြားသား ကန်ထရိုက်တာ ကုမ္ပဏီများနှင့် လိုအပ်သလို စနစ်တကျပေါင်းစပ် ညှိနှိုင်းဖြေရှင်း ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း မှာကြားပြီး စီမံကိန်းတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများကို အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ကို ဒိုက်ဦး-ဖောင်တော်သီ စီမံကိန်းလမ်းပိုင်း မိုင်တိုင်အမှတ် (၈၀/၆-၇) ၌ တည်ဆောက်နေဆဲဖြစ်သည့် တံတားအမှတ် ၁၁၁၊ ပေ ၁၈၀ အရှည်ရှိ ကောလိယ တံတားတည်ဆောက်ရေး လုပ်ငန်းခွင်၌ တာဝန်ရှိသူများက လုပ်ငန်းပြီးစီးမှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက တံတားတည်ဆောက်ရေး လုပ်ငန်းခွင်ကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး စီမံကိန်းဝန်ထမ်းနှင့် ပစ္စည်းများ၏ လုံခြုံရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးဂရုစိုက်ရန်နှင့် လိုအပ်သည်များမှာကြားကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ဒါးပိန်ဘူတာသို့ ရောက်ရှိပြီး ဒါးပိန်ဘူတာမှ ရန်ကုန်ဘူတာကြီးအထိ စီမံကိန်းလမ်းပိုင်းအတွင်း ရထားလမ်းနှင့် တံတားများ တည်ဆောက်ပြီးစီးမှုကို ရထားဖြင့် လိုက်ပါ စစ်ဆေးကာ ရထားလမ်းဘေးဝဲယာတစ်လျှောက် သန့်ရှင်းသာယာမှု ရှိစေရေး၊ ဘူတာဆိုင်းဘုတ်များ သစ်လွင်တောက်ပမှုရှိစေရေး၊ လိုအပ်ပါက ဒေသအာဏာပိုင်အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်ဘူတာကြီးယာဒ်ဝင်းအတွင်းရှိ Rail Bus Engine-RBE စက်ရုံသို့ရောက်ရှိရာ စက်ရုံတာဝန်ရှိသူများက RBE ရထားများ မွမ်းမံပြင်ဆင်ရေး လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။ တင်ပြမှုနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ရထားတွဲများ မွမ်းမံပြင်ဆင်မှုကို အရည်အသွေးမြင့်မားစေရေး၊ လုံခြုံစိတ်ချမှုရှိစေရေး လိုအပ်ချက်များကို မှာကြားဖြည့်ဆည်းပေးပြီး အရာထမ်း၊ အမှုထမ်းများကို အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်ဘူတာကြီးယာဒ်ဝင်း၌ မွမ်းမံပြင်ဆင်မှုဆောင်ရွက်နေသော ရထားတွဲဆိုင်းပေါ်သို့ တက်ရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကချင်ပြည်နယ်အတွင်းရှိ အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ ၆၆/၆) ပါ အချက်အလက်များအား Data Base ရေးသွင်းခြင်းလုပ်ငန်း စတင်ဆောင်ရွက်နိုင်ရေးဆွေးနွေး

မြစ်ကြီးနား ဇူလိုင် ၁၃

**ကချင်ပြည်နယ်အတွင်းရှိ အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ ၆၆/၆) ပါအချက်အလက်များအား Data Base ရေးသွင်းခြင်းလုပ်ငန်း စတင်ဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ဌာနဆိုင်ရာများနှင့် ဇူလိုင် ၁၃ ရက် နံနက် ၁၀ နာရီခွဲတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။** (အောက်ပုံ)



ဆွေးနွေးရာတွင် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်အနေဖြင့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ ကျင်းပရာတွင် မဲစာရင်းများ တိကျမှန်ကန်စေရေး၊ နိုင်ငံသားစိစစ်ရေးကတ် ဆောင်ရွက်ရမည့်သူများ စနစ်တကျ ဆောင်ရွက် ပေးရေးတို့သည် လွန်စွာ အရေးကြီးကြောင်း၊ ထို့ကြောင့် ပြည်နယ်သူ၊ ပြည်နယ်သားများနှင့် မိမိတို့နိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေမည့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ ၆၆/၆) များ တိုက်ဆိုင်စိစစ် စာရင်းရေးသွင်းခြင်း လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ရေး အားလုံးက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးဝင်းရဲထွန်းက အိမ်ထောင်စု လူဦးရေစာရင်း (ပုံစံ ၆၆/၆) ပါ အချက်အလက်များ သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် Data Base ရေးသွင်းဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် ကွန်ပျူတာလိုအပ်ချက်များ၊ ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က အစည်းအဝေး တက်ရောက် လာကြသည့် ပြည်နယ်ဝန်ကြီးများ၊ မြစ်ကြီးနားတက္ကသိုလ် ပါမောက္ခချုပ်၊ ကွန်ပျူတာတက္ကသိုလ် ဒုတိယပါမောက္ခချုပ်တို့အား စာရင်းရေးသွင်းခြင်းဆိုင်ရာ လုပ်ငန်းများတွင် ပူးပေါင်းကူညီဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ယင်းနောက်ပြည်နယ်ဝန်ကြီးချုပ်သည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကချင်ပြည်နယ်အတွင်းရှိ အရာထမ်း၊ အမှုထမ်း ဝန်ထမ်းများ စာရင်းရေးသွင်းခြင်း လုပ်ငန်း ဆောင်ရွက်နိုင်ရေး ပြည်နယ်အစိုးရအဖွဲ့ရုံး မေခခန်းမ၌ ကွန်ပျူတာအလုံး ၈၀ တပ်ဆင်အသုံးပြုနိုင်ရေးအတွက် လျှပ်စစ်မီးသွယ်တန်းပေးနိုင်ရေး၊ အင်တာနက် တပ်ဆင်နိုင်ရေးစသည့် အုပ်ချုပ်ထောက်ပံ့မှု ဆိုင်ရာကိစ္စရပ်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ဌာနဆိုင်ရာများနှင့် ညှိနှိုင်းပေါင်းစပ်၍ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

# တပ်ကုန်းမြို့၌ အဆင့်မြင့်အပ်ချုပ်စက်သင်တန်းဆင်းပွဲနှင့် စပါးမျိုး ထောက်ပံ့ပေးအပ်ပွဲကျင်းပ

**တပ်ကုန်း ဇူလိုင် ၁၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ရွာတောကျေးရွာအုပ်စု ရွာတောကျေးရွာတွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အဆင့်မြင့်အပ်ချုပ်စက် သင်တန်းဆင်းပွဲ အခမ်းအနားကို ဇူလိုင် ၁၁ ရက်က အဆိုပါကျေးရွာ စိုက်ပျိုးစီးပွားအသိပညာပေးစင်တာ(KC) ခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းက သင်တန်းမှ သင်ကြားတတ်မြောက်လာသည့် အိမ်တွင်းမှု အတတ်ပညာများနှင့် မိသားစုဝင်ငွေရရှိရေး၊ တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းဖြင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင်လည်း တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် သင်တန်းသားများကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယ ထူးချွန်သင်တန်းသားများနှင့် သင်တန်းသားများကို သင်တန်းဆင်းဂုဏ်ပြု မှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် ရွာတောကျေးရွာအုပ်စု ခေတ်မီစံပြဂွေးပင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် အဆင့်မြင့်လယ်ယာစနစ် ၁၀၃ ဧက၊ စပါးစိုက်တောင်သူများနှင့် တွေ့ဆုံ၍ နေပြည်တော်ကောင်စီအဖွဲ့ဝင်က ဒေသခံပြည်သူများ နိုင်ငံတော်မှ ဆောင်ရွက်ပေးသည့် လုပ်ငန်းများကို ညီညွတ်စွာ ဝိုင်းဝန်းကူညီဆောင်ရွက်ရန် ရှင်းလင်းပြောကြားသည်။ ပြည်ထောင်စုနယ်မြေ နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးမှူးက ၂၀၂၂-၂၀၂၃ ခုနှစ် မျိုးစပါးများ ထောက်ပံ့ပေးအပ်ခြင်းနှင့် ပတ်သက်၍



ရှင်းလင်းပြောကြားခဲ့ပြီးနောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်၊ ဒုတိယတိုင်းဦးစီးမှူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီညီထွေးနှင့် အဖွဲ့ဝင် (၁) ဗိုလ်မှူး နိုင်လင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းညွန့်နှင့် တာဝန်ရှိသူများက စီးပွားဖြစ်မျိုးသန့် မျိုးစေ့များကို တောင်သူများအား ထောက်ပံ့ပေးအပ်ခဲ့သည်။(အပေါ်ပုံ) **တင်စိုးလွင်**

❖ *ကျောဖုံးမှ*

ကြေညာချက်အပြည့်အစုံမှာ -

**ပြည်တွင်း၊ ပြည်ပရှိ အချို့သော ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ် နှင့် CDM ဝန်ထမ်းများအား ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေး အသိပေးထုတ်ပြန်ခြင်း**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့အပြင် အခြားကဏ္ဍပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ပြည်ထောင်စုအတွင်းရှိ ဒေသအသီးသီးတွင် တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်စားသောက်နိုင်ရေးအတွက်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးလုပ်ငန်းများကို ထမ်းဆောင်လျက်ရှိသည်။ မိမိတို့အနေဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုပေါင်းအားကို တည်ဆောက်သွားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးရရှိစေရန် အလေးထားဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုအပ်ဘဲ ဆုံးရှုံးမှု မရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ခြင်း၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်နေသူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို ပြန်လည်ဖိတ်ခေါ်ခြင်းတို့အား အသိပေးထုတ်ပြန်ခဲ့ရာ ပြန်လည်ဝင်ရောက်လာသူများကိုလည်း စနစ်တကျ လက်ခံပေးလျက်ရှိသည်။

နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းစေလိုသည့် CRPH နှင့် NUG အကြမ်းဖက်အုပ်စုများက ဆွဲဆောင်စည်းရုံးမှု၊ သွေးထိုးလှုံ့ဆော်မှု၊ ခြိမ်းခြောက်အကျပ်ကိုင်မှုများကြောင့် အချို့သော CDM ဝန်ထမ်းများ၊ ကျောင်းသား/ ကျောင်းသူများ၊ လူငယ်လူရွယ်များတို့သည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများတည်ရှိရာ နယ်မြေဒေသများသို့ ရောက်ရှိသွားခဲ့ပြီး လက်နက်ပစ်ခတ်ခြင်းနှင့် ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများသို့ စာရင်းသွင်း ပါဝင်တက်ရောက်ခဲ့ကြသည်ကို တွေ့ရှိရသည်။

ထိုသို့သင်တန်းတက်ရောက်ခဲ့သူများအနက်မှ အချို့သောသူများသည် အကြမ်းဖက်တိုက်ခိုက်သည့် လုပ်ရပ်များတွင် ပါဝင်လိုခြင်းမရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်ပြီး ပြည်တွင်း/ပြည်ပဒေသအချို့၌ သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်းကို ကြားသိရသည်။ ၎င်းတို့သည် NUG အမည်ခံအကြမ်းဖက်အုပ်စုနှင့် ၎င်းတို့၏ လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့တို့၏ အကြမ်းဖက်လုပ်ရပ်များကို မျက်ဝါးထင်ထင်တွေ့မြင်လာပြီး လက်ခံနိုင်မှုမရှိခြင်း၊ နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ထာဝရငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်နေမှုများကို ယုံကြည်လက်ခံလာခြင်း၊ မိမိတို့၏ နေရပ်ဒေသအသီးသီးရှိ မိဘဆွေမျိုးများနှင့်အတူ တည်ငြိမ်အေးချမ်းစွာ ပြန်လည်နေထိုင်လိုခြင်းတို့ကြောင့် မိမိတို့နေရပ်ဒေသသို့ ပြန်လည်ဝင်ရောက်လိုသော်လည်း CRPH နှင့် NUG အကြမ်းဖက်အုပ်စုများနှင့် ၎င်းတို့၏လက်ဝေခံများက ထိန်းချုပ်အကျပ်ကိုင် ခြိမ်းခြောက်ထားမှုတို့ကြောင့် ပြန်လည်ဝင်ရောက်ခြင်း မပြုနိုင်ကြသည်ကိုလည်း ဆက်သွယ်သတင်းပေးပို့ချက်များအရ သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ထိုသို့သော မြန်မာနိုင်ငံရှိနေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကြိုဆိုလက်ခံနိုင်ရေးအတွက် နယ်စပ်ဒေသအသီးသီးတွင် ပြန်လည် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အဆိုပါစခန်းများအပြင် နီးစပ်ရာတပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်း ဘူးသီးတောင်မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**စစ်တွေ ဇူလိုင် ၁၃**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်းသည် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက မောင်တောခရိုင် ဘူးသီးတောင်မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ကြသည်။



**ကြည့်ရှုအားပေး**

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘူးသီးတောင်မြို့နယ် လက်ဝဲဒက်ပုဗွန်ချောင်း အခြေခံပညာ အထက်တန်းကျောင်းသို့ လည်းကောင်း၊ အမှတ်(၁)အခြေခံပညာကျောင်းသို့ လည်းကောင်း သွားရောက်ပြီး အသက်ငါးနှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနေမှုအား လှည့်လည်ကြည့်ရှုအားပေးသည်။ ဆက်လက်၍ ကျောင်းဆောင်အတွင်း လှည့်လည်ကြည့်ရှုကြပြီး ကျောင်းအတွက် လိုအပ်ချက်များကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးကြသည်။ ယင်းနောက် ဘူးသီးတောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ပြုလုပ်သော မိုးစပါး၊ မျိုးစေ့ထုတ်စိုက်ခင်းနှင့် စံပြစိုက်ကွက်များ ဆောင်ရွက်သည့် အကျိုးဆောင်တောင်သူများကို ဓာတ်မြေဩဇာ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်သူရတို့က မျိုးစေ့ထုတ်တောင်သူများကို ဓာတ်မြေဩဇာများ ထောက်ပံ့ပေးကာ ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးထွန်းမြင့်က စံပြကွက် စိုက်ပျိုးတောင်သူများအား ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်သည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်သူများနှင့်အတူ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူပညာပေး စူပါအီးအမ်ဘိုကာရှီ ပြုလုပ်နည်း လက်တွေ့သရုပ်ပြသမှုကို ကြည့်ရှုအားပေးကြသည်။ (ဓါတ်ပုံ)

**ငါးမျိုးများစိုက်ထည့်**

ထို့နောက် ဘူးသီးတောင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ပြုလုပ်သည့် ပန်းဇင်းချောင်း ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပန်းဇင်းချောင်းအတွင်းသို့ ငါးမျိုးများ စိုက်ထည့်ပေးကြသည်။

ယင်းနောက် ဘူးသီးတောင်မြို့ ဦးဥတ္တမခန်းမ၌ ပြုလုပ်သော ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ပြီး ပြည်နယ်ဝန်ကြီးများက မိမိတို့ဝန်ကြီးဌာနအလိုက် ဆောင်ရွက်ပေးမည့်အခြေအနေများကို ရှင်းလင်းပြောကြားကာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ ဒေသတည်ငြိမ်အေးချမ်းရေးအတွက်ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ဇေယျာသီရိမြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူများနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁၃**

နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဦးဇေယျာလင်းသည် ဇေယျာသီရိမြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ တောင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းက ဇေယျာသီရိမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းက ဒေသခံတောင်သူများအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း တင်ပြပေးစေလိုကြောင်း၊ တောင်သူများ၏ အကျိုးစီးပွားတိုးတက် အောင်မြင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးကဏ္ဍများနှင့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ မြေပြင်ကွင်းဆင်း စစ်ဆေးရေးအဖွဲ့များအနေဖြင့်လည်း တောင်သူများ၏ လိုအပ်ချက်၊ လိုလားချက်များကို မှတ်သားထားရှိပြီး ဆောင်ရွက်မည့်အစီအမံများ ရေးဆွဲတင်ပြ၍ ဌာနအလိုက် သင့်လျော်သည့် ဘဏ္ဍာနှစ်များတွင် ထည့်သွင်းလျာထားနိုင်ရေး ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဇေယျာသီရိမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေသည့်လုပ်ငန်းများနှင့် ဆက်လက်လုပ်ဆောင်သွားမည့် လုပ်ငန်းများအား ရှင်းလင်းတင်ပြပြီးနောက် တက်ရောက်လာသည့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ တောင်သူများက စိုက်ပျိုးရေရရှိရေး၊ ဆရာ ဆရာမ လိုအပ်ချက်များရရှိရေး၊ ကုန်ထုတ်လမ်းကောင်းမွန်စေရေး၊ ကျေးရွာချင်းဆက်လမ်းရရှိရေး၊ စက်မှုလယ်ယာများ ဖော်ဆောင်ပေးနိုင်ရေး စသည့်လိုအပ်ချက်များကို တင်ပြရာ နေပြည်တော်ကောင်စီအဖွဲ့ဝင်က ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန် ကျောင်းသား ကျောင်းသူများ၊ အောင်ချက်အကောင်းဆုံးကျောင်းများနှင့် မြို့နယ်များအား ဂုဏ်ပြုရန်ဆွေးနွေး

နေပြည်တော် ဇူလိုင် ၁၃

၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် နေပြည်တော်အတွင်းရှိ ကျောင်းသား ကျောင်းသူများ၊ အောင်ချက်အကောင်းဆုံးကျောင်းများနှင့် မြို့နယ်များအား ဂုဏ်ပြုဆုပေးပွဲ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ဇူလိုင် ၁၃ ရက်က ပြုလုပ်သည်။



အစည်းအဝေးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့်နေပြည်တော်အတွင်းရှိကျောင်းသား ကျောင်းသူများ၊ အောင်ချက်အကောင်းဆုံးကျောင်းများနှင့် မြို့နယ်များအား နေပြည်တော်ကောင်စီ အနေဖြင့် အသိအမှတ်ပြုပါကြောင်း၊ ဂုဏ်ပြုဆုများကိုလည်း ပေးအပ်ချီးမြှင့်ပေးမည်ဖြစ်ကြောင်း၊ ဂုဏ်ပြုပွဲ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး အတွက် သက်ဆိုင်ရာဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများအနေဖြင့် အကြံပြုဆွေးနွေးစေလိုကြောင်း အမှာစကားပြောကြားသည်။ (ယာပုံ)

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းနှင့် နေပြည်တော်ကောင်စီ ညွှန်ကြားရေးမှူး ဦးလှိုင်စိုးသန့်က ၂၀၁၈-၂၀၁၉ ပညာသင်နှစ်က ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပခဲ့မှုအခြေအနေနှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပမည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများကလည်း သက်ဆိုင်ရာကဏ္ဍများအလိုက် ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကာ နေပြည်တော် ကောင်စီဥက္ကဋ္ဌက ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ခရိုင် (ပြန်/ဆက်)

## အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့် မိဘပြည်သူများလိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ➢ ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာ အမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ပန်းစည်း/ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များ ယူဆောင်၍ အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- ➢ လာရောက်သူများအားလုံး နှာခေါင်းစည်း (Mask) များ မပျက်မကွက်စနစ်တကျတပ်ဆင်ရန်။
- ➢ သတ်မှတ်ပေးထားသော နေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ➢ ဗိုလ်တထောင်မြို့နယ်၊ မဟာဗန္ဓုလလမ်းနှင့် သိမ်ဖြူလမ်းဆုံတွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာစစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ် (သို့မဟုတ်) ကိုယ်ရေးအချက်အလက် စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား ယူဆောင်လာပါရန်။
- ➢ ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/ Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ➢ ကိုယ်အပူချိန်မြင့်ခြင်း (အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။

### အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့် ပြည်သူများ ယူဆောင်ခွင့်မပြုသည့် ပစ္စည်း (၁၀)မျိုးစာရင်း




- ➢ အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- ➢ အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။

### အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး) သို့ လာရောက်မည့် ပြည်သူများ Drone ယာဉ်များ ယူဆောင်လာခြင်း၊ လွှတ်တင်ခြင်းမပြုလုပ်ရန် ကြိုတင်အသိပေးကြေညာချက်




- ➢ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်။
- ➢ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများနေဖြင့် လုံး၀(လုံး၀) လာရောက်ခြင်း မပြုရန်။

ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အင်အားကုန်ခန်းခြင်း စသည့်ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံး၀(လုံး၀) လာရောက်ခြင်းမပြုရန်။

## တိုင်းဒေသကြီးနှင့်ပြည်နယ်ပိုက်ကျော်ခြင်း စစ်ကိုင်းပထမဆုဆွတ်ခူး

နေပြည်တော် ဇူလိုင် ၁၃

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းကာ ၂၀၂၂ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်း ပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း (C)ရုံ၌ ယနေ့နံနက် ၈ နာရီမှစတင်၍ ကျင်းပရာ




အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့်တာဝန်ရှိသူများ၊ ပိုက်ကျော်ခြင်းအားကစားဝါသနာရှင်များ ကြည့်ရှုအားပေးသည်။

ယနေ့ပြိုင်ပွဲနှစ်ယောက်တွဲ အဖွဲ့လိုက် (အမျိုးသား) ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီး အသင်းကို နှစ်ပွဲ - တစ်ပွဲ၊ မန္တလေးတိုင်းဒေသကြီး အသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲ - တစ်ပွဲဖြင့် အနိုင်ရပြီး တတိယလုပွဲ ပွဲစဉ်အဖြစ် ရန်ကုန်တိုင်းဒေသကြီး အသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲ - တစ်ပွဲဖြင့် လည်းကောင်း၊ ဗိုလ်လုပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ- တစ်ပွဲဖြင့် အနိုင်ရကာ ပထမဆုကို စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ဆွတ်ခူးခဲ့သည်။

ဆက်လက်၍ နှစ်ယောက်တွဲ အဖွဲ့လိုက် (အမျိုးသမီး)ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ မွန်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရကာ တတိယလုပွဲ ပွဲစဉ်အဖြစ် ဧရာဝတီတိုင်းဒေသကြီး အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းက နှစ်ပွဲ - တစ်ပွဲ၊ ဗိုလ်လုပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရပြီး ပထမဆုကို ရန်ကုန်တိုင်းဒေသကြီးအသင်းက ဆွတ်ခူးခဲ့သည်။

ဆက်လက်၍ ၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ သုံးယောက်တွဲ အဖွဲ့လိုက်(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ ပွဲစဉ်များကို ယှဉ်ပြိုင်ကစားလျက်ရှိပြီး ဇူလိုင် ၁၄ ရက်တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း (C)ရုံတွင် နံနက် ၈ နာရီမှ စတင်၍ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သဖြင့် အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**အားကာမောင်**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၄-၇-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၇၈၅ | ၁၈၃၀ | ၁၈၂၅ | ၁၇၉၅ | ၁၈၃၀ | ၁၈၅၅ | ၁၈၄၀ | ၁၈၁၅ | ၁၉၁၀ | ၁၉၂၅ | ၁၈၂၅ | ၁၈၃၀ | ၁၈၆၅ | ၁၈၆၅ | ၁၈၇၀ | ၂၀၉၀ | ၂၆၃၅ |
| 95 Ron | ၁၈၆၀ | ၁၉၁၀ | ၁၉၀၅ | ၁၈၇၀ | ၁၉၀၅ | ၁၉၃၀ | ၁၉၁၅ | ၁၈၉၅ | ၁၉၈၅ | ၂၀၀၀ | ၁၉၀၀ | ၁၉၁၅ | ၁၉၄၅ | ၁၉၄၅ | ၁၉၄၅ | ၂၁၆၅ | ၂၆၉၅ |
| HSD (500 ppm) | ၂၂၀၅ | ၂၂၅၀ | ၂၂၄၅ | ၂၂၁၅ | ၂၂၅၀ | ၂၂၇၅ | ၂၂၇၀ | ၂၂၃၅ | ၂၃၅၀ | ၂၃၄၅ | ၂၂၄၅ | ၂၂၅၀ | ၂၂၈၅ | ၂၂၈၅ | ၂၂၉၀ | ၂၅၁၀ | ၂၉၂၅ |
| HSD (50 ppm) | ၂၂၆၀ | ၂၃၁၀ | ၂၃၀၅ | ၂၂၇၀ | ၂၃၀၅ | ၂၃၃၀ | ၂၃၂၅ | ၂၂၉၅ | ၂၄၁၀ | ၂၄၀၀ | ၂၃၀၀ | ၂၃၁၀ | ၂၃၄၅ | ၂၃၄၅ | ၂၃၄၅ | ၂၅၆၅ | ၂၉၅၅ |
| HSD (10 ppm) | ၂၂၆၀ | ၂၃၁၀ | ၂၃၀၅ | ၂၂၇၀ | ၂၃၀၅ | ၂၃၃၀ | ၂၃၂၅ | ၂၂၉၅ | ၂၄၁၀ | ၂၄၀၀ | ၂၃၀၀ | ၂၃၁၀ | ၂၃၄၅ | ၂၃၄၅ | ၂၃၄၅ | ၂၅၆၅ | ၂၉၅၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၆၉၃ | ၁၇၆၁ |
| 95 Ron | ၁၇၆၇ | ၁၈၃၆ |
| HSD (500 ppm) | ၂၁၀၁ | ၂၁၇၂ |
| HSD (50 ppm) | ၂၁၅၆ | ၂၂၂၈ |
| HSD (10 ppm) | ၂၁၅၆ | ၂၂၂၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## သီရိလင်္ကာနိုင်ငံသို့ ဆန်လှူဒါန်းနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၁၃**

သီရိလင်္ကာနိုင်ငံသို့ ဆန်လှူဒါန်းနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၁၀ နာရီခွဲတွင် Virtual စနစ်ဖြင့် ကျင်းပသည်။ **(အောက်ပုံ)**



အစည်းအဝေးတွင် လှူဒါန်းမှုကြီးကြပ်ရေးအဖွဲ့ ခေါင်းဆောင်၊ ဒုတိယဝန်ကြီး ဦးညွန့်အောင်က လက်ရှိအချိန်၌ သီရိလင်္ကာနိုင်ငံတွင် စီးပွားရေး အကျပ်အတည်းများနှင့် ကြုံတွေ့နေရသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် လူသားချင်းစာနာထောက်ထားသောအားဖြင့် နိုင်ငံတော်ရန်ပုံငွေဖြင့် ဆန်တန်ချိန် ၁၀၀၀ လှူဒါန်းနိုင်ရေး လှူဒါန်းမှု ကြီးကြပ်ရေးအဖွဲ့က စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လှူဒါန်းမှု လုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စေရေးအတွက် ယနေ့တက်ရောက်လာကြသည့် ဝန်ကြီးဌာနများအနေဖြင့် လှူဒါန်းမည့် ဆန်အမျိုးအစား၊ ဝယ်ယူစုဆောင်းမည့်အစီအစဉ်၊ ကွန်တိန်နာ ငှားရမ်းမှု၊ ပေးပို့လှူဒါန်းမည့်ကာလ၊ ကုန်ကျစရိတ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် တင်ပြဆွေးနွေးပေးစေလိုပါကြောင်း၊ လှူဒါန်းမှုလုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စေရေးတို့အတွက် အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌတို့က သီရိလင်္ကာနိုင်ငံသို့ ဆန်လှူဒါန်းနိုင်ရေးနှင့် စပ်လျဉ်းသည့်ကဏ္ဍအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအပေါ် ဝိုင်းဝန်းဆွေးနွေးခဲ့ကြပြီး တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြောကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါအစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## မူဆယ်မြို့၌ အများပြည်သူသုံးစွဲရန်မသင့်သည့် တရုတ်နိုင်ငံထုတ် စားသောက်ကုန်ပစ္စည်းများ မီးရှို့ဖျက်ဆီး

**မူဆယ် ဇူလိုင် ၁၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့၌ အများပြည်သူသုံးစွဲရန်မသင့်သည့် တရုတ်နိုင်ငံထုတ် စားသောက်ကုန်ပစ္စည်းများ မီးရှို့ဖျက်ဆီးခြင်းကို ယနေ့နံနက် ၁၀ နာရီခွဲက မူဆယ်အကောက်ခွန် ဦးစီးဌာနရုံးဝင်းအတွင်း ဖျက်ဆီးကွင်း၌ မီးရှို့ဖျက်ဆီးသည်။

အဆိုပါ တရုတ်နိုင်ငံထုတ် စားသောက်ကုန်မီးရှို့ဖျက်ဆီးရာတွင် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကိုကိုနိုင် ဦးဆောင်သော ခုနစ်ဦးအဖွဲ့ဖြင့် တရုတ်နိုင်ငံထုတ်စီးကရက် ၄၄ တောင့်၊ တရုတ်နိုင်ငံထုတ် ကြက်အူချောင်း (1x3.5Kg) ၄၄၁၈ ဖာနှင့် (1x4Kg) ၁၆၅၀ ဖာ၊ တရုတ်နိုင်ငံထုတ်မုန့် (1x2 Kg) ၁၂၀၀ နှင့် တရုတ်နိုင်ငံထုတ်နေကြာစေ့ ၅၆၈ ကီလိုတို့ကို မီးရှို့ဖျက်ဆီးခဲ့ပြီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ်သိန်း ၅၉၀၅၃၂၀၀ ခန့်ရှိကြောင်း သိရသည်။

ယင်းမီးရှို့ဖျက်ဆီးခြင်းကို မူဆယ်မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်း၊ အကောက်ခွန်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မျိုးဌေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြောင်း သိရသည်။

ချယ်ရီမြေ(မူဆယ်)

## ဘီးလင်းမြို့နယ်၌ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ် ထိန်းချုပ်ခြင်းဆိုင်ရာ အရေးပေါ်တုံ့ပြန်မှု အသိပညာပေးဆောင်ရွက်

**ဘီးလင်း ဇူလိုင် ၁၃**

ဘီးလင်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ အရေးပေါ် တုံ့ပြန်မှုများ အသိပညာပေး ဟောပြောခြင်းနှင့် ကာကွယ်ဆေး ထိုးနှံခြင်းများကို ယနေ့ နံနက်ပိုင်းက ဘီးလင်းမြို့နယ်ရှိ မြို့ပေါ်ရပ်ကွက်များသို့ သွားရောက်ဆောင်ရွက်ကြကြောင်း သိရသည်။

အဆိုပါ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ အရေးပေါ်တုံ့ပြန်မှုများဆိုင်ရာ Simulation exercise အဖြစ် ဘီးလင်းမြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် အရေးပေါ်တုံ့ပြန်ရေး အဖွဲ့များဖွဲ့စည်း၍ တိရစ္ဆာန် မွေးမြူထားသော ခြံပိုင်ရှင်များကို တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာများ အသိပညာပေးဟောပြောခြင်းနှင့် ကျွဲ၊ နွားလည်ချောင်းကွဲရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်း လုပ်ငန်းများကို လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဥမ္မာနှင်းနှင့် ဝန်ထမ်းများက လိုက်လံဆောင်ရွက်ပေးကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# သီရိလင်္ကာသမ္မတ ရာဂျာပက္ခ်ဆာ တိုင်းပြည်မှ ထွက်ခွာသွားပြီးနောက် နိုင်ငံတော်အရေးပေါ်အခြေအနေ ကြေညာ

**ကိုလံဘို ဇူလိုင် ၁၃**

ပြင်းထန်သော ဆန္ဒပြမှုများဖြစ်စေခဲ့သည်အထိ ဆိုးရွားသော စီးပွားပျက်ကပ် ဖြစ်ပေါ်နေချိန်တွင် သမ္မတ ဂိုတာဘာရာ ရာဂျာပက္ခ်ဆာ မော်လ်ဒိုက်နိုင်ငံသို့ ထွက်ခွာသွားပြီးနောက် သီရိလင်္ကာနိုင်ငံတွင် ဇူလိုင် ၁၃ ရက်က နိုင်ငံတော် အရေးပေါ်အခြေအနေ ကြေညာခဲ့ကြောင်း ဝန်ကြီးချုပ်ရုံးက ပြောကြားလိုက်သည်။

သီရိလင်္ကာ ရဲတပ်ဖွဲ့သည် မြို့တော်ကိုလံဘို အပါအဝင် အနောက်ပိုင်း ပြည်နယ်တွင် ညမထွက်ရအမိန့် ထုတ်ပြန်လိုက်ပြီဖြစ်သည်။

သမ္မတ ရာဂျာပက္ခ်ဆာသည် ဇူလိုင် ၁၃ ရက် နံနက်ပိုင်းက ၎င်း၏ဇနီးသည်နှင့်အတူ လုံခြုံရေးတာဝန်ရှိသူ နှစ်ဦးခြံရံလျက် စစ်ဘက်ဆိုင်ရာ လေယာဉ်ဖြင့် မော်လ်ဒိုက်နိုင်ငံသို့ ထွက်ခွာသွားပြီဖြစ်ကြောင်း သီရိလင်္ကာလေတပ်က ပြောသည်။

သမ္မတရာထူးမှ နုတ်ထွက်ကြောင်း မကြေညာခင်သီရိလင်္ကာသမ္မတသည် နိုင်ငံမှ ထွက်ခွာသွားခြင်းဖြစ်သည်။

သီရိလင်္ကာနိုင်ငံရှိ နိုင်ငံရေးပါတီ ခေါင်းဆောင်များသည် လွှတ်တော်တွင် မဲခွဲဆုံးဖြတ်ပြီး ဇူလိုင် ၂၀ ရက်ထက် နောက်မကျဘဲ သမ္မတသစ်ရွေးချယ်ရန် ဆုံးဖြတ်ခဲ့ကြကြောင်း လွှတ်တော်ဥက္ကဋ္ဌ မဟင်ဒါ ယာပါ အဘီဝါဒီနာက ပြောသည်။



သီရိလင်္ကာနိုင်ငံ၌ စီးပွားပျက်ကပ်ဆိုက်ပြီးနောက် ဆန္ဒပြနေသူများကို တွေ့ရစဉ်။

သို့သော်လည်း အာဏာအပြောင်းအလဲသည် လက်ရှိဖြစ်ပွားနေသည့် တိုင်းပြည်အခြေအနေကို ထိန်းချုပ်နိုင်မည်လားဆိုသည့် ကိစ္စနှင့်ပတ်သက်ပြီး မသေချာကြောင်း လေ့လာသူများက ပြောသည်။

ပြီးခဲ့သည့် နှစ်ကုန်တွင် သီရိလင်္ကာ ဗဟိုဘဏ်သည် ပြည်ပကြွေးမြီ အမေရိကန်ဒေါ်လာ ၅၀ ဘီလီယံကျော်ရှိကြောင်း ထုတ်ပြန်ကြေညာထားသည်။

ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ

# မိုးရွာသွန်းမှုနှင့်ဆက်စပ်သော မတော်တဆမှုများကြောင့် အိန္ဒိယနိုင်ငံ၌ ၆၉ ဦး သေဆုံး

**နယူးဒေလီ ဇူလိုင် ၁၃**

မိုးရွာသွန်းမှုနှင့် ဆက်စပ်သော မတော်တဆမှုများကြောင့် အိန္ဒိယနိုင်ငံအနောက်ပိုင်း ဂူဂျာရတ်ပြည်နယ်၌ ဇွန် ၁ ရက်နောက်ပိုင်း လူ ၆၉ ဦး သေဆုံးခဲ့ကြောင်း တာဝန်ရှိသူများက ဇူလိုင် ၁၃ ရက်တွင် ပြောသည်။ လွန်ခဲ့သော ၂၄ နာရီအတွင်း မိုးရွာသွန်းမှုနှင့် ဆက်စပ်သော မတော်တဆမှုကြောင့် ခြောက်ဦးသေဆုံးခဲ့ပြီးနောက် ယခုနှစ် ဇွန် ၁ ရက် နောက်ပိုင်း သေဆုံးသူ ၆၉ ဦးအထိ မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း ဒေသဘေးအန္တရာယ်စီမံခန့်ခွဲမှုဝန်ကြီး ရာဂျင်ဒရာ ထရိဗီဒီက မီဒီယာကို ပြောသည်။



အိန္ဒိယနိုင်ငံ၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုမြင်ကွင်းကို တွေ့ရစဉ်။

ထရိဗီဒီ၏ ပြောကြားချက်အရ သေဆုံးသူများသည် မိုးကြိုးပစ်ခြင်း၊ ရေနစ်ခြင်း၊ နံရံပြိုကျခြင်း၊ သစ်ပင်များ အမြစ်လန်ခြင်း၊ ခေတ်တိုင်များ လဲကျခြင်း စသည်တို့ကြောင့်ဖြစ်ကြောင်း သိရသည်။ အိန္ဒိယနိုင်ငံ မိုးလေဝသဌာနသည် လာမည့် ငါးရက်အတွင်း ခရိုင်အများအပြား၌ မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းနိုင်ကြောင်း သတိပေးချက် ထုတ်ပြန်ထားသည်။ အိန္ဒိယအစိုးရသည် ရေဘေးသင့်ဒေသများမှ လူပေါင်း ၂၇၈၉၆ ဦးကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အဝေးပြေးလမ်းများနှင့် ရွာလမ်းများ အပါအဝင် စုစုပေါင်း လမ်း ၃၈၈ လမ်းကို ပိတ်ထားခဲ့ရကြောင်း သိရသည်။

ဆင်ဟွာ

# နယူးဇီလန်နိုင်ငံ၏ စားသောက်ကုန်ဈေးနှုန်း ယခင်နှစ်ကထက် မြင့်တက်

**ဝယ်လင်တန် ဇူလိုင် ၁၃**

နယူးဇီလန်နိုင်ငံ၏ စားသောက်ကုန်ဈေးနှုန်းသည် ယခင်နှစ်ကထက် ယခုနှစ်ဇွန်လတွင် ၆ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်လာခဲ့ကြောင်း နယူး ဇီလန်စာရင်းအင်းအေဂျင်စီက ဇူလိုင် ၁၃ ရက်တွင် ပြောသည်။ နယူးဇီလန်နိုင်ငံ၏ စားသောက်ကုန်ဈေးနှုန်း အညွှန်းကိန်းသည် မေလကထက် ဇွန်လတွင် ၁ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း သိရသည်။

နယူးဇီလန်နိုင်ငံ၌ နှစ်စဉ်သိသိသာသာ တိုးလာသော စားသောက်ကုန်ဈေးနှုန်းများကို ကြည့်မည်ဆိုပါက အသား၊ ကြက်နှင့် ငါးက ၆ ဒသမ ၈ ရာခိုင်နှုန်း၊ စားသောက်ဆိုင်အစားအစာများက ၆ ဒသမ ၃ ရာခိုင်နှုန်း၊ သစ်သီးနှင့် ဟင်းသီးဟင်းရွက်က ၅ ဒသမ ၅ ရာခိုင်နှုန်းနှင့် အရက်မပါဝင်သော အဖျော်ယမကာများက ၄ ဒသမ ၈ ရာခိုင်နှုန်းအထိ မြင့်တက်မှုရှိကြောင်း သိရသည်။

ဆင်ဟွာ

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၁၆၉၀၆ ဦး တွေ့ရှိ

**နယူးဒေလီ ဇူလိုင် ၁၃** - အိန္ဒိယနိုင်ငံ၌ ဇူလိုင် ၁၃ ရက်တွင် ကိုဗစ်-၁၉ ရောဂါထပ်မံကူးစက်ခံရသူ ၁၆၉၀၆ ဦး တွေ့ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ အဆိုပါ ထပ်မံကူးစက်ခံရသူများကြောင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၄၃၆၆၉၈၅၀ အထိ ရှိလာပြီ ဖြစ်သည်။ ထို့ပြင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် ထပ်မံသေဆုံးသူ ၄၅ ဦးရှိပြီး ပိုးတွေ့ဆဲလူနာအရေအတွက်သည် ၁၃၂၄၅၇ ဦးရှိကြောင်း သိရသည်။

ဆင်ဟွာ



# ဆော်ဒီအာရေဗျနိုင်ငံသို့ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် ထွက်ခွာ

**ဝါရှင်တန် ဇူလိုင် ၁၃**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ဆော်ဒီအာရေဗျနိုင်ငံသို့ ထွက်ခွာသွားပြီး ရေနံထုတ်လုပ်သောနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များကို ရေနံတိုးမြှင့်ထုတ်လုပ်ရန် တောင်းဆိုသွားမည်ဖြစ်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

သမ္မတ ဘိုင်ဒင်သည် ဝါရှင်တန်အနီးရှိ စစ်အခြေစိုက်စခန်းမှ ဇူလိုင် ၁၂ ရက်တွင် ထွက်ခွာသွားခြင်းဖြစ်ကြောင်း၊ အဆိုပါ ခရီးစဉ်သည် သမ္မတ တာဝန်များထမ်းဆောင်ပြီးနောက် ၎င်း၏ ပထမဆုံးအရှေ့အလယ်ပိုင်း ခရီးစဉ်ဖြစ်ကြောင်း သိရသည်။ ဘိုင်ဒင်သည် အစ္စရေးနှင့် အနောက်ဘက်ကမ်းဒေသရှိ ပါလက်စတိုင်းဒေသသို့ သွားရောက်ရန် စီစဉ်ထားသည်။ ဆော်ဒီအာရေဗျသို့ရောက်ရှိစဉ် ဘိုင်ဒင်သည် ပင်လယ်ကွေ့နိုင်ငံများ အစည်းအဝေးကို တက်ရောက်ရန်လည်း စီစဉ်ထားကြောင်း သိရသည်။ ဘိုင်ဒင်၏ အဆိုပါ ခရီးစဉ်နှင့်ပတ်သက်ပြီး ဝေဖန်မှုရှိခဲ့ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

# အာဖဂန်နစ္စတန်နိုင်ငံ၌ အမည်မသိရောဂါကြောင့် ကလေးငယ် ၂၀ ထက်မနည်း သေဆုံး

**ကဘူးလ် ဇူလိုင် ၁၃**

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ဟဲလ်မန်းပြည်နယ်တွင် အမည်မသိရောဂါကြောင့် ကလေးငယ် ၂၀ ထက်မနည်း သေဆုံးကြောင်း ပြည်နယ်သတင်းအချက်အလက်နှင့် ယဉ်ကျေးမှုညွှန်ကြားရေးမှူး ဟာဖစ် ရာရှစ်က ဇူလိုင် ၁၃ ရက်တွင် ပြောသည်။

အဆိုပါ ကလေးငယ်များသည် လွန်ခဲ့သည့် ရက်အနည်းငယ်အတွင်းက ဟဲလ်မန်းပြည်နယ် ဘက်ဂရန်ခရိုင်တွင် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ ရောဂါဖြစ်ပွားရခြင်းအကြောင်းရင်းမှာ ညစ်ညမ်းသော ရေကိုသောက်သုံးမိခြင်းကြောင့် ဖြစ်နိုင်ကြောင်း တာဝန်ရှိသူက ပြောသည်။

ကလေးငယ်များအပါအဝင် ရောဂါဖြစ်ပွားသူအချို့ ဒေသတွင်း ကျန်းမာရေးဌာနတစ်ခု၌ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ဆင်ဟွာ

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၄၀၂၆၆ ဦး တွေ့ ရှိ

**ဆိုးလ် ဇူလိုင် ၁၃**

တောင်ကိုရီးယားနိုင်ငံ၌ ဇူလိုင် ၁၂ ရက် သန်းခေါင်ယံအထိ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၄၀၂၆၆ ဦး တွေ့ရှိကြောင်း ကျန်းမာရေးအာဏာပိုင်များက ဇူလိုင် ၁၃ ရက်တွင် ပြောသည်။ အဆိုပါ ကူးစက်မှုအရေအတွက်သည် ယခင်ရက်က ကူးစက်မှုအရေအတွက် ၃၇၃၆၀ မှ တိုးလာခြင်းဖြစ်ကြောင်း တောင်ကိုရီးယားရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီက ပြောသည်။

အဆိုပါကူးစက်ခံရသူများအနက် ၃၉၈ ဦးသည် ပြည်ပပြန်ကူးစက်မှုဖြစ်သောကြောင့် ပြည်ပပြန်ကူးစက်မှုအရေအတွက်စုစုပေါင်း ၃၈၀၀၆ ဦးအထိ ရှိလာပြီဖြစ်သည်။ ထို့ပြင် တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် ထပ်မံသေဆုံးသူ ၁၂ ဦးရှိသည့်အတွက် အဆိုပါ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၂၄၆၈၀ အထိ ရှိလာပြီဖြစ်သည်။

ဆင်ဟွာ

## ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းနှင့် သတင်းအေဂျင်စီလုပ်ငန်းလုပ်ကိုင်သူများ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် အသိပေးကြေညာခြင်း

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေ ထွက်ရှိသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ်များအား ၅ နှစ်သက်တမ်း ခွင့်ပြုပေးခဲ့ပါသည်။

အသိအမှတ်ပြုလက်မှတ် သက်တမ်းကုန်ဆုံးပါက နည်းဥပဒေ ၂၁ အရ သက်တမ်းကုန်ဆုံးသည့်ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ပုံစံနှင့်အတူ အခကြေးငွေကျပ်တစ်သောင်း ပေးသွင်း၍ ပြန်ကြားရေးဝန်ကြီးဌာနသို့ အသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် လာရောက်ဆောင်ရွက်ရမည် ဖြစ်ပါသည်။

သက်တမ်းကုန်လွန်သော အသိအမှတ်ပြုလက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့်မရှိကြောင်းနှင့် သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း ၀၁-၅၄၁၄၁၃၊ ၀၁-၅၄၄၅၈၂၊ ၀၁-၅၄၄၅၈၃၊ iprd.crd.ygn@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စာအုပ်စာစောင်များပေးအပ်ရန် အသိပေးကြေညာခြင်း

၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ ပုံနှိပ်သူ၊ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ၆ အုပ် သို့မဟုတ် ၆ စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ်ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါစာအုပ်စာစောင်များကို အမျိုးသားစာကြည့်တိုက်၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနနှင့် အမျိုးသားစာပေဆုရွေးချယ်ရေးကော်မတီများသို့ ခွဲဝေပေးပို့လျက်ရှိပါသည်။ ထို့အပြင် ပေးပို့လာသော ထုတ်ဝေစာများကို ပြက္ခဒိန်နှစ်အလိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ထုတ်ဝေသော စာအုပ်စာတမ်းများစာရင်းတွင်လည်း ရေးသွင်းထားပြီး နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

သို့ပါ၍ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေ ၁၅၊ နည်းဥပဒေခွဲ(က)ပါ ပြဋ္ဌာန်းချက်များအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ၆ အုပ် သို့မဟုတ် ၆ စောင်ကို ဖြန့်ချိသည့်နေ့ရက်မှစ၍ ၇ ရက်အတွင်း ပုံနှိပ်သူထံပေးအပ်ပြီး ပုံနှိပ်သူသည် ၁၄ ရက်အတွင်း ပုံစံ ၁၁ ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ မပျက်မကွက် ပေးအပ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## သတင်းမီဒီယာသမားအသိအမှတ်ပြုကတ်ပြားအသစ်လဲလှယ်ရန် အသိပေးကြေညာခြင်း

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံပိုင်မီဒီယာများနှင့် ပြည်တွင်းပုဂ္ဂလိကမီဒီယာများအနေဖြင့် သတင်းများရယူရာတွင် အဆင်ပြေချောမွေ့စေရေးနှင့် သတင်းစာရှင်းလင်းပွဲများ အပါအဝင် အခမ်းအနားများ ဖိတ်ကြားရာတွင် လွယ်ကူလျင်မြန်စေရေးအတွက် သတင်းမီဒီယာသမား အသိအမှတ်ပြုကတ်ပြားများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စိစစ်၍ ခွင့်ပြုထုတ်ပေးလျက်ရှိပါသည်။

သတင်းမီဒီယာအသိအမှတ်ပြုကတ်ပြားများကို ၂၀၂၁ ခုနှစ်၊ မတ်လမှစတင်၍ ထုတ်ပေးခဲ့ရာ သက်တမ်း(၁)နှစ် သတ်မှတ်ထားရှိပါသည်။ သက်တမ်းကုန်ဆုံးနေပါက သတင်းမီဒီယာသမား အသိအမှတ်ပြုကတ်ပြားများကို အသစ်လဲလှယ်ရမည်ဖြစ်ပါသည်။

သတင်းမီဒီယာသမား အသိအမှတ်ပြုကတ်ပြား သက်တမ်းကုန်ဆုံးပါက သတ်မှတ်ပုံစံနှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ အသိအမှတ်ပြုကတ်ပြား အသစ်လဲလှယ်နိုင်ရေး လာရောက်ဆောင်ရွက်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း ၀၁-၅၄၁၄၁၃၊ ၀၁-၅၄၄၅၈၂၊ ၀၁-၅၄၄၅၈၃၊ iprd.crd.ygn@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာမျှဝေမှု အစီအစဉ် လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်မည်

နေပြည်တော် ဇူလိုင် ၁၃




သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ်(၇၄)ကို ဇူလိုင် ၁၅ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ဆက်လက် ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာမျှဝေမှု အစီအစဉ်ကို အစီအစဉ် တင်ဆက်သူ ကျော်ကျော်နှင့် ခိုင်သဇင်ဦးတို့က တင်ဆက်ကြမည်ဖြစ်ပြီး လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဇူလိုင် ၁၅ ရက်၊ ၁၆ ရက်နှင့် ၁၇ ရက်များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD မှ ညနေ ၆ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာပြည်သိန်းတန်၏ "သီချင်းဒိုင်ယာရီ-၂"တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်

နေပြည်တော် ဇူလိုင် ၁၃

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေး အစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ Friday Night Show ဆန်းသစ်တင်ဆက်မှုအဖြစ် နိုင်ငံကျော်အဆိုတော်ကြီး မြန်မာပြည်သိန်းတန်၏ "သီချင်းဒိုင်ယာရီ-၂" တေးဂီတဖျော်ဖြေပွဲကို ဇူလိုင် ၁၅ ရက် (သောကြာနေ့) ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်တွင် မြန်မာပြည်သိန်းတန်နှင့်အတူ မျိုးဆက်သစ်တေးသံရှင်များ ဖြစ်ကြသည့် စောဒယ်နီရယ်၊ ရေဂျီနာ၊ ချိုမီမီဇော် နှင့် အိအိလှိုင်တို့က သီဆိုဖျော်ဖြေကြမည်ဖြစ်ပြီး မြန်မာ့အသံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ သရုပ်ဆောင်နေဒွေးနှင့် သဉ္ဇာမြင့်မိုရ်တို့ကလည်း အားဖြည့်တင်ဆက်ပေးကြမည် ဖြစ်သည်။

ထိုသို့တင်ဆက်မှုကို ဇူလိုင် ၁၇ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




## "(၃၈)ဖြာ မင်္ဂလာအစီအစဉ်" ဆန်းသစ်တင်ဆက်မှု မြန်မာ့ရုပ်မြင်သံကြား၌ ဆက်လက်ပြသမည်

နေပြည်တော် ဇူလိုင် ၁၃

လူငယ်လူရွယ်များနှင့် ကလေးငယ်များ ယဉ်ကျေးလိမ္မာစေရန်နှင့် အသိပညာဗဟုသုတ တိုးပွားစေရန်အပြင် ဇာတ်သဘင် ကြိုက်နှစ်သက်ကြသည့် မိဘပြည်သူများအတွက် "(၃၈)ဖြာ မင်္ဂလာအစီအစဉ်" ဆန်းသစ်တင်ဆက်မှုကို မေ ၂၁ ရက်နေ့မှ စတင်၍ အပတ်စဉ် စနေနေ့တိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသလျက်ရှိသည်။

အဆိုပါ (၃၈)ဖြာမင်္ဂလာအစီအစဉ်များအနက် ဘဝတိုးတက်ရေးအတွက် အဆုံးအမများစွာပါဝင်သည့် မာတာပိတု ဥပဋ္ဌာန် (မိဘတွေကို လုပ်ကျွေးစောင့်ရှောက်ခြင်း) နှင့် ခန္တီစ (အရာရာ၌ သည်းခံခြင်း) အစီအစဉ်နှစ်ခုကို ဇူလိုင် ၁၆ ရက် (စနေနေ့)ည ၉ နာရီတွင် ဆက်လက်ပြသမည် ဖြစ်သည်။

ယင်းတင်ဆက်မှုကို ရွှေနန်းတင်မျိုးဆက် သဘင်ပညာရှင် ဦးနန်းဝင်းက ရေးသားပူဇော်ပြီး ရန်ကုန်စူဝံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ထက်မြက်အောင်၊ ရန်ရှင်းမောင်၊ ခတ်လင်း၊ ရွှေအိုးနှင့် သဘင်ပညာရှင်များ၊ အနုပညာရှင်များက ပါဝင်တင်ဆက်ကြမည်ဖြစ်သည်။

ထို့ပြင် ဇူလိုင် ၂၀ ရက် (ဗုဒ္ဓဟူးနေ့)နှင့် ဇူလိုင် ၂၁ ရက် (ကြာသပတေးနေ့)များတွင် ညနေ ၆ နာရီ သတင်းအပြီး၌ ယင်းအစီအစဉ်များကို တစ်ပိုင်းစီခွဲခြား၍ ပြန်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

နေပြည်တော် ဇူလိုင် ၁၃

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်တောင်ပိုင်းကမ်းခြေတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်း ရာမှ အားအလွန်ကောင်းနေသည်။

မိုး/ဇလ

# ဇူလိုင် ၁၃ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃ ဦး တွေ့ရှိ

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၂၁ ရာခိုင်နှုန်းရှိ

(၁၃-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြုပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၂-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၃-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၆,၂၈၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၃) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂၁) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၄၃၇,၁၉၈) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၇၇၃) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၈) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၆၇၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၂-၇-၂၀၂၂) ရက်နေ့ အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၂၉,၉၇၄,၃၇၄) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၅,၇၂၉,၂၃၄) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၁၃-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၈၃) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၃၃) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၇၆၂) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၀၃) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄,၆၀၁) ခု | (၉) ဦး |
| **စုစုပေါင်း** | (၆,၂၈၃) ခု | (၁၃) ဦး |

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးမှု
(၁၂-၇-၂၀၂၂ ရက်နေ့အထိ)

| | |
|---|---|
| အသက် (၁၈)နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၂၉,၉၇၄,၃၇၄ |
| အသက် (၁၈)နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၅,၇၂၉,၂၃၄ |

- **ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။**
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသူ/ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေး ထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇူလိုင် ၁၃**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၅ နှစ်မှ ၁၂ နှစ်အထက် အခြေခံပညာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၃၁၀ ၊ ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၄၉၂၀ ၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ကိုးမြို့နယ်တို့၌ ဒေသခံပြည်သူ ၄၇၅၀၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ဒေသခံပြည်သူ ၂၄၃၆ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၃၁၁၀၅ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ငါးမြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၃၉၅၁ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ကျောင်းသား ကျောင်းသူ ၅၇၁၈၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီး နှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❖ **လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို ပျက်စီးစေရန်အတွက် လက်ကိုဆပ်ပြာနှင့် ရေအသုံးပြု၍ အနည်းဆုံးစက္ကန့်(၂၀) ကြာ ဆေးကြောပါ။**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီတစ်ခု၊ ယာဉ်စီးရေနှစ်စီးဖြင့် Mask ၁၆ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန်ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

# ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းကောင်းများစွာဖြင့် နိုင်ငံတကာကို ဖိတ်ခေါ်လျက်ရှိသည့် သီလဝါအထူးစီးပွားရေးဇုန်

ခင်ရတနာ

မြန်မာနိုင်ငံ၏ ပထမဆုံးနှင့် အကြီးဆုံးသော သီလဝါအထူးစီးပွားရေးဇုန်၌ ရင်းနှီးမြှုပ်နှံမှုအသစ်များ ထပ်မံဖိတ်ခေါ်ထားကြောင်း သီလဝါအထူးစီးပွားရေးဇုန်မှ သိရှိရပါသည်။ "သီလဝါအထူးစီးပွားရေးဇုန်မှာ ရင်းနှီးမြှုပ်နှံတဲ့အခါ အခြားနေရာတွေနဲ့ ကွာခြားမှုကို မြင်တွေ့ခံစားရမယ်။ ထူးထူးခြားခြားကို မတူညီတဲ့ အရသာခံစားရမယ်" ဟု သီလဝါအထူးစီးပွားရေးဇုန်၏ စီမံခန့်ခွဲမှုကော်မတီက ကြေညာထားသည်။ သီလဝါအထူးစီးပွားရေးဇုန်သည် ရန်ကုန်မြို့စွန်၌ ၂၀၁၅ ခုနှစ် စက်တင်ဘာလက စတင်လည်ပတ်ခဲ့သည်။ စနစ်တကျတည်ဆောက်ထားသည့် အခြေခံအဆောက်အအုံများနှင့် ကောင်းမွန်ပြီးပြည့်စုံသည့် ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ကို သီလဝါအထူးစီးပွားရေးဇုန်၌ မြင်တွေ့ရသည်။




**မြန်မာနိုင်ငံ၏အထူးစီးပွားရေးဇုန်များ**

ကီလိုမီတာ ၂၈၀၀ (၁၇၅၉ မိုင်) ခန့် ရှည်လျားသည့် မြန်မာကမ်းရိုးတန်းကြောင့် ဒေသတွင်းကုန်သွယ်မှုတွင် ပင်လယ်ရေကြောင်းမှ အလွယ်တကူဝင်ရောက်နိုင်သဖြင့် တရုတ်၊ တောင်အာရှနှင့် အရှေ့တောင်အာရှအကြား ကုန်သွယ်မှုပေါင်းကူးတံတားဖြစ်လာရန် အလားအလာကောင်းများ ပိုင်ဆိုင်ထားသည်။ ထို့ပြင် သယံဇာတကြွယ်ဝသည့် နိုင်ငံဖြစ်သည့်အားလျော်စွာ သတ္တု၊ သဘာဝဓာတ်ငွေ့၊ စိုက်ပျိုးရေး ထွက်ကုန်၊ ရေထွက်ကုန်၊ သစ်အခြေခံထွက်ကုန်စသည်ဖြင့် သဘာဝ အရင်းအမြစ်ကောင်းများနှင့် ပြည့်စုံလျက်ရှိပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း အထူးစီးပွားရေးဇုန်များ တည်ဆောက်၍ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ရန်နှင့် အထူးစီးပွားရေးဇုန်များ အောင်မြင်လာစေရန် အထူးဦးစားပေး ဆောင်ရွက်လျက်ရှိသည်။

ပထဝီသဘောတရားအရ မဟာဗျူဟာကျသည့် အရှေ့တောင်အာရှ ကုန်ထုတ်လုပ်မှုအခြေခံနှင့် သယ်ယူပို့ဆောင်ရေးအချက်အချာ နေရာသစ်ဖြစ်လာရန် အခွင့်အလမ်းများစွာရှိသည့် ဒေသသုံးခုတွင် အထူးစီးပွားရေးဇုန်များကို ဖော်ဆောင်ထားပြီးဖြစ်သည်။ ယင်းတို့မှာ သီလဝါအထူးစီးပွားရေးဇုန်၊ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ကျောက်ဖြူ အထူးစီးပွားရေးဇုန်တို့ဖြစ်ကြသည်။ အထူးစီးပွားရေးဇုန်အများစုတွင် ရေနက်ဆိပ်ကမ်း၊ အခြေခံအဆောက်အအုံများ၊ လမ်းပန်းဆက်သွယ်ရေးအတွက် အဓိကလမ်းမကြီးများ ချိတ်ဆက်ဖောက်လုပ်ထားသည်။ အထူးစီးပွားရေးဇုန်များသည် ရင်းနှီးမြှုပ်နှံသူများအတွက် အခွင့်အလမ်းများကို ပေးသည့်အပြင် ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ရရှိစေသည့်နေရာများ ဖြစ်ကြသည်။

**သီလဝါအထူးစီးပွားရေးဇုန်**

သီလဝါအထူးစီးပွားရေးဇုန်သည် စီးပွားရေးမြို့တော် ရန်ကုန်မြို့၏ အရှေ့တောင်ဘက်တွင် တည်ရှိပြီး ၂၃ ကီလိုမီတာခန့် ကျယ်ဝန်းသည်။ ၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် စတင်တည်ဆောက်ခဲ့ပြီး နိုင်ငံတကာစံချိန်စံနှုန်းများနှင့်အညီ အခြေခံအဆောက်အအုံများကို ဖြည့်တင်းပေးထားသည်။ ပထမဦးဆုံး နိုင်ငံတကာအဆင့်မီအထူးစီးပွားရေးဇုန်ဖြစ်ပြီး မြန်မာ-ဂျပန် သီလဝါဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်အဖြစ် မြန်မာ၊ ဂျပန် အစိုးရများ၊ မြန်မာနှင့် ဂျပန်ပုဂ္ဂလိကကုမ္ပဏီများက အကျိုးတူပူးပေါင်းဖော်ဆောင်ထားခြင်း ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး သန်လျင်-ကျောက်တန်းတွင်တည်ရှိ၍ ပြည်တွင်းပြည်ပမှ ရထား၊ လေကြောင်း၊ မော်တော်ကား၊ သင်္ဘော စသည်တို့ဖြင့် လာရောက်နိုင်သကဲ့သို့ အာဆီယံ အဝေးပြေးလမ်းကွန်ရက် (AHN) နှင့်လည်း ချိတ်ဆက်ထားသည်။ Myanmar International Terminals Thilawa (MITT) ဆိပ်ကမ်းသည်လည်း သီလဝါအထူးစီးပွားရေးဇုန်အနီးတွင်တည်ရှိသည်။ ထို့အတူ သီလဝါမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့လည်း ကီလိုမီတာ ၃၀ ခန့်သာ ကွာဝေးသည်။

သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီသည် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ညှိနှိုင်းပေးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ စီမံခန့်ခွဲပေးခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုရရှိရေးအတွက် ကူညီဆောင်ရွက်ခြင်း၊ ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ကောင်းရရှိစေရေး အကောင်အထည်ဖော်ပေးခြင်း၊ အခြေခံအဆောက်အအုံများ ဖြည့်တင်းပေးခြင်း၊ ဝန်ဆောင်မှုများ ပေးအပ်ခြင်း၊ ရင်းနှီးမြှုပ်နှံမှု အခြေအနေများ စောင့်ကြည့်အကဲဖြတ်ပေးခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဆောင်ရွက်ချက်များ ကြည့်ရှုအကဲဖြတ်ခြင်းစသည့်လုပ်ငန်းများကို တာဝန်ယူထားသည်။

*စာမျက်နှာ ၁၇ သို့*

- **သီလဝါအထူးစီးပွားရေးဇုန်သည် ပထမဦးဆုံး နိုင်ငံတကာအဆင့်မီအထူးစီးပွားရေးဇုန်ဖြစ်ပြီး မြန်မာ- ဂျပန် သီလဝါဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်အဖြစ် မြန်မာ၊ ဂျပန်အစိုးရများ၊ မြန်မာနှင့် ဂျပန် ပုဂ္ဂလိကကုမ္ပဏီများက အကျိုးတူပူးပေါင်းဖော်ဆောင်ထားခြင်းဖြစ်သည်**
- **ရန်ကုန်တိုင်းဒေသကြီး သန်လျင်-ကျောက်တန်းတွင်တည်ရှိ၍ ပြည်တွင်းပြည်ပမှ ရထား၊ လေကြောင်း၊ မော်တော်ကား၊ သင်္ဘောစသည်တို့ဖြင့် လာရောက်နိုင်သကဲ့သို့ အာဆီယံ အဝေးပြေးလမ်းကွန်ရက် (AHN) နှင့်လည်း ချိတ်ဆက်ထားသည်။ Myanmar International Terminals Thilawa (MITT) ဆိပ်ကမ်းသည်လည်း သီလဝါအထူးစီးပွားရေးဇုန်အနီးတွင် တည်ရှိသည်။ ထို့အတူ သီလဝါမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့လည်း ကီလိုမီတာ ၃၀ ခန့်သာကွာဝေးသည်**






သီလဝါအထူးစီးပွားရေးဇုန်အတွင်းမှ နိုင်ငံတကာအဆင့်မီ အခြေခံအဆောက်အအုံများ။



Myanmar International Terminals Thilawa (MITT) ဆိပ်ကမ်း။



သီလဝါအထူးစီးပွားရေးဇုန်အတွင်းမှ အဆောက်အအုံများ။

*စာမျက်နှာ ၁၆ မှ*

**One Stop Service Center ၌ ဝန်ဆောင်မှုပေး**

သီလဝါ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီသည် မြန်မာနိုင်ငံ အထူးစီးပွားရေးဇုန် ဥပဒေအရ One Stop Service Center (OSSC) ကို တည်ထောင်ခဲ့ပြီး လိုအပ်သော ဝန်ဆောင်မှုများနှင့် ခွင့်ပြုချက်အားလုံးကို တစ်နေရာတည်းရယူနိုင်ရန် ကုမ္ပဏီမှတ်ပုံတင်ရေး၊ အဆောက်အအုံ ဆောက်လုပ်ရေးနှင့်မီးဘေးအန္တရာယ် ကင်းရှင်းရေး၊ သဘာဝပတ်ဝန်းကျင် ကာကွယ်ရေး (ECPP၊ IEE နှင့် EIA)၊ အခွန်ကိစ္စရပ်များ၊ အလုပ်အကိုင် မှတ်ပုံတင်ခြင်း၊ VISA နှင့် လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများ၊ အကောက်ခွန်လုပ်ငန်းများ၊ စက်ရုံလည်ပတ်မှု လိုအပ်ချက်စသည့် သက်ဆိုင်ရာအစိုးရဌာန ၁၂ ခု ပူးပေါင်းကာ အမြန်ဆုံးသော ဝန်ဆောင်မှုများ ပေးအပ်လျက်ရှိသည်။

ရင်းနှီးမြှုပ်နှံသူများအတွက် စီးပွားရေးအကျိုးအမြတ်များစွာကို ပေးစွမ်းနိုင်မည့် သီလဝါအထူးစီးပွားရေးဇုန်၌ ဂျပန်၊ ကိုရီးယား၊ ထိုင်း၊ ဗီယက်နမ်၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ ယူအက်စ်အေ၊ မလေးရှား၊ စင်ကာပူ၊ ဩစတြေးလျ၊ ဒိန်းမတ်၊ နယ်သာလန်၊ ဩစတြီးယား၊ ဆွစ်ဇာလန်၊ ယူနိုက်တက်ကင်းဒမ်း၊ ပနားမား၊ ပြင်သစ် အစရှိသည့်နိုင်ငံများမှ စီးပွားရေး လုပ်ငန်းရှင်များနှင့် ထိုင်ဝမ်နှင့် ဟောင်ကောင်တို့မှ စီးပွားရေးလုပ်ငန်းရှင်များက ရင်းနှီးမြှုပ်နှံလျက်ရှိသည်။

The commercial and residential ဇရိယာများ၌ လူနေအိမ်များ၊ ကွန်ဒိုများ၊ ရုံးခန်းနှင့် လူနေတိုက်ခန်းများ၊ ဘဏ်များ၊ ဈေးဝယ်စင်တာများ၊ ကျန်းမာရေးစင်တာများ၊ ဟိုတယ်၊ ကျောင်း၊ အပန်းဖြေစင်တာများ၊ စိမ်းလန်းသောနေရာများနှင့် အလုပ်သမားအဆောင်များ တည်ဆောက်ထားသည်။ ထို့ကြောင့် ရင်းနှီးမြှုပ်နှံသူများနှင့် အလုပ်သမားများသည် သီလဝါအထူးစီးပွားရေးဇုန်အတွင်း၌ လွယ်လင့်တကူ သက်သောင့်သက်သာ နေထိုင်လုပ်ကိုင်နိုင်မည်ဖြစ်ပါသည်။

အခြားစီးပွားရေးဇုန်များထက် အားသာချက်များတွင် Excellent One Stop Service Center ကုန်သွယ်ရေးကြောင်းပို့ဆောင်ရေး လွယ်ကူမှု၊ ပြည့်စုံသည့်လူနေမှုဘဝရရှိမှု၊ အောင်မြင်သော စက်ရုံအလုပ်ရုံများ တည်ဆောက်နိုင်မှုနှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်များနှင့် လျော်ညီမှု၊ ထုတ်လုပ်မှုစွမ်းရည် မြင့်မားမှု စသည်တို့ကိုလည်း ခံစားရရှိစေမည်ဖြစ်ပါသည်။

**ရင်းနှီးမြှုပ်နှံသူများအတွက် အကျိုးကျေးဇူးများ**

သီလဝါအထူးစီးပွားရေးဇုန်အတွင်း ကင်းလွတ်ဇုန်၊ လုပ်ငန်းမြှင့်တင်ရေးဇုန်နှင့် အခြားဇုန်များ ပါဝင်သည်။ အထူးစီးပွားရေးဇုန်ဥပဒေ (၂၀၁၄)အရ ကင်းလွတ်ဇုန်ကို နိုင်ငံပြင်ပတွင် တည်ရှိသကဲ့သို့ ယူဆရမည်ဖြစ်သည်။ ကင်းလွတ်ဇုန်သည် အဓိကအားဖြင့် ပြည်ပတင်ပို့သည့် ဈေးကွက်ကို အဓိကထားပြီး ယင်းဇုန်တွင် ကုန်ထုတ်လုပ်မှုနယ်မြေ၊ သယ်ယူထောက်ပံ့ရေးလုပ်ငန်းများ နေရာနှင့် လက်ကား ရောင်းဝယ်ဖောက်ကားသည့်နေရာများ ပါဝင်သည်။ SEZ အတွင်းမှ ကုန်စည်များနှင့် ဇုန်အတွင်း တင်သွင်းသော ကုန်စည်တို့အတွက် အကောက်ခွန်နှင့် အခြားအခွန်ကင်းလွတ်ခွင့်များ ရရှိနိုင်သည်။ လုပ်ငန်းမြှင့်တင်ရေးဇုန်သည် အဓိကအားဖြင့် ပြည်တွင်းဈေးကွက်နှင့် အထူးစီးပွားရေးဇုန်များအတွင်းရှိ ဈေးကွက်ပေါ်တွင် အခြေခံထားသည်။ အဆိုပါဇုန်၌ ကုန်ထုတ်လုပ်မှု အိမ်ရာများ၊ ကုန်တိုက်များ၊ ဘဏ်လုပ်ငန်းများ၊ အာမခံလုပ်ငန်းများ၊ ကျောင်းများ၊ ဆေးရုံများနှင့် အပန်းဖြေနားနေရာများကဲ့သို့သော လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံနိုင်သည်။

> **“သီလဝါအထူးစီးပွားရေးဇုန်သည် ကုန်ထုတ်ဇုန်အတွက်သာမက စီမံကိန်းများ အောင်မြင်ရန်နှင့် ရေရှည်လုပ်ငန်းဆောင်တာများ အောင်မြင်ရန်အတွက် ဒေသခံပြည်သူများနှင့် အဆင်ပြေမှုရရှိရန်လည်း ကြိုးပမ်းလျက်ရှိသည်။ ဒေသခံများ၏ စိုးရိမ်ပူပန်မှုများကို အချိန်နှင့်တစ်ပြေးညီ သိရှိနားလည်ပြီး တုံ့ပြန်ပေးနိုင်ရန်အတွက် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ (TSMC) နှင့် MJTD တို့သည် နိုင်ငံတကာစံချိန်မီ သီလဝါတိုင်ကြားစာ စီမံခန့်ခွဲမှုလုပ်ထုံးလုပ်နည်း (TCMP) ကို ပူးတွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်”**

လုပ်ငန်းမြှင့်တင်ရေးဇုန်များတွင် ပထမငါးနှစ်အတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့်၊ ငါးနှစ် ကျော်လွန်ပြီး နောက်ငါးနှစ်အတွက် တည်ဆဲဥပဒေအရ သတ်မှတ်သည့် ဝင်ငွေခွန်နှုန်းထား၏ ၅၀ ရာခိုင်နှုန်း သက်သာခွင့်ရရှိပြီး ၁၀ နှစ်ကျော်လွန်ပြီးနောက် နောက်ထပ်ငါးနှစ်အတွက် သီးသန့်ရန်ပုံငွေထား၍ တစ်နှစ်အတွင်း လုပ်ငန်းတွင် ပြန်လည်ရင်းနှီးမြှုပ်နှံပါက ထိုမြတ်စွန်းငွေအပေါ် တည်ဆဲဥပဒေအရ သတ်မှတ်ထားသည့် ဝင်ငွေခွန်နှုန်းထား၏ ၅၀ ရာခိုင်နှုန်း သက်သာမည်ဖြစ်သည်။

ပထမငါးနှစ်၌ ထုတ်လုပ်ရေးအတွက် အသုံးပြုသည့် စက်ပစ္စည်းကိရိယာများနှင့် အရန်ပစ္စည်းများ၊ စက်ရုံ၊ သိုလှောင်ရုံ၊ ကိုယ်ပိုင်ရုံးခန်းတို့ တည်ဆောက်ရန် ဆောက်လုပ်ရေးပစ္စည်းများကို ပြည်ပမှ တင်သွင်းရာတွင် အကောက်ခွန်နှင့် အခြားအခွန်အခများ ကင်းလွတ်သည်။ ထိုအရင်းအမြစ်တို့အတွက် နောင်ငါးနှစ်အတွင်း အကောက်ခွန်နှင့် အခြားအခွန်စည်းကြပ်ခြင်းများမှ ၅၀ ရာခိုင်နှုန်း သက်သာမည်ဖြစ်သည်။ ထိုတင်သွင်းသော ပစ္စည်းများဖြင့် ထုတ်လုပ်ထားသော ကုန်ချောပစ္စည်းများကို ပြည်ပသို့ဖြစ်စေ၊ ကင်းလွတ်ဇုန်အတွင်းသို့ဖြစ်စေ တင်ပို့ပါက ပစ္စည်းများတင်သွင်းသည့်အချိန်က ပေးဆောင်ခဲ့ရသည့် အကောက်ခွန်နှင့် အခြားအခွန်အခများကို ပြန်လည်ထုတ်ပေးရန် လျှောက်ထားနိုင်သည်။ အထူးစီးပွားရေးဇုန် ဥပဒေတွင် ကုန်သွယ်ခွန်နှင့် တန်ဖိုးဖြည့်အခွန်တို့အား ၎င်းအခွန်များသက်သာခွင့်ပေးသည့်ကာလအတွင်း ကင်းလွတ်ခွင့် ခံစားနိုင်ကြောင်း သိရှိရသည်။

ကင်းလွတ်ဇုန်များတွင် ရင်းနှီးမြှုပ်နှံပါက အနည်းဆုံးပမာဏ USD 750000 နှင့်အထက် ရင်းနှီးမြှုပ်နှံနိုင်ပြီး ပထမ ခုနစ်နှစ်အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့်နှင့် ကျော်လွန်ပြီးနောက် နောက်ထပ် ငါးနှစ်အတွက် တည်ဆဲဥပဒေအရ သတ်မှတ်သည့် ဝင်ငွေခွန်နှုန်းထား၏ ၅၀ရာခိုင်နှုန်း သက်သာခွင့်ရမည်ဖြစ်သည်။ ၁၂ နှစ်ကျော်လွန်ပြီး နောက်ငါးနှစ်အတွက် သီးသန့်ရန်ပုံငွေထား၍ တစ်နှစ်အတွင်း ယင်းလုပ်ငန်းတွင် ပြန်လည်ရင်းနှီးမြှုပ်နှံပါက ထိုမြတ်စွန်းငွေအပေါ် တည်ဆဲဥပဒေအရ သတ်မှတ်ထားသည့် ဝင်ငွေခွန်နှုန်းထား၏ ၅၀ ရာခိုင်နှုန်း သက်သာခွင့်ရရှိမည် ဖြစ်သည်။

ကုန်သွယ်ခွန်နှင့် တန်ဖိုးဖြည့် အခွန်ကင်းလွတ်ခွင့်ရရှိကာ ထုတ်လုပ်ရေးအတွက် ကုန်ကြမ်းများ၊ စက်ပစ္စည်းကိရိယာများနှင့် အရန်ပစ္စည်းများ၊ စက်ရုံများ၊ သိုလှောင်ရုံများနှင့် ကိုယ်ပိုင် ရုံးခန်းများကဲ့သို့သော အဆောက်အအုံများ တည်ဆောက်ရန် ဆောက်လုပ်ရေးပစ္စည်းနှင့် မော်တော်ယာဉ်များ တင်သွင်းရာတွင် အကောက်ခွန်နှင့်အခြား အခွန်အခများ ကင်းလွတ်မည်ဖြစ်ပြီး အခြားအခွန်ကင်းလွတ်ခွင့်များစွာကိုလည်း မြင်တွေ့ရသည်။

**တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့်စီးပွားရေးဇုန်**

သီလဝါ အထူးစီးပွားရေးဇုန်သည် ကုန်ထုတ်ဇုန်အတွက်သာမက စီမံကိန်းများ အောင်မြင်ရန်နှင့် ရေရှည်လုပ်ငန်းဆောင်တာများ အောင်မြင်ရန်အတွက် ဒေသခံပြည်သူများနှင့် အဆင်ပြေမှုရရှိရန်လည်း ကြိုးပမ်းလျက်ရှိသည်။ ဒေသခံများ၏စိုးရိမ်ပူပန်မှုများကို အချိန်နှင့်တစ်ပြေးညီ သိရှိနားလည်ပြီး တုံ့ပြန်ပေးနိုင်ရန်အတွက် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ (TSMC) နှင့် MJTD တို့သည် နိုင်ငံတကာစံချိန်မီ သီလဝါတိုင်ကြားစာ စီမံခန့်ခွဲမှုလုပ်ထုံးလုပ်နည်း (TCMP) ကို ပူးတွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ထိခိုက်နစ်နာသူတစ်ဦးချင်းစီနှင့် ရပ်ရွာလူထုမှ ဝင်ရောက်ကြည့်ရှုနိုင်ပြီး TSEZ ၏ လုပ်ငန်းဆောင်တာများနှင့်ပတ်သက်သည့် မေးခွန်းများ သို့မဟုတ် စိုးရိမ်ပူပန်မှုများကို ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

**ရင်းနှီးမြှုပ်နှံမှုကိန်းဂဏန်းများ**

သီလဝါ အထူးစီးပွားရေးဇုန်၌ လက်ရှိတွင် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၇၂ ဘီလီယံရှိပြီး နိုင်ငံဒေသပေါင်း ၂၀ မှ လာရောက်လုပ်ငန်းလုပ်ကိုင်လျက်ရှိသည်။ ကဏ္ဍအလိုက် ရင်းနှီးမြှုပ်နှံမှု အရေအတွက်မှာ ၁၂၂ ခုနှင့်ရှိကြောင်း ၂၀၂၂ ခုနှစ် ဧပြီလစာရင်းများအရ သိရှိရသည်။ ထိုနေရာများတွင် စက်ရုံအလုပ်သမားဦးရေ ၁၂၆၀၀၊ ဆောက်လုပ်ရေးအလုပ်သမား ၂၅၀၀၀ ဝန်းကျင်တို့ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိထားကြသည်။ ဇုန်အလိုက်ရင်းနှီးမြှုပ်နှံမှုများတွင် စက်မှုဇုန်ဧရိယာအတွင်းရှိ လုပ်ငန်းမြှင့်တင်ရေးဇုန်၌ လုပ်ငန်း ၇၂ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ ကန်ဒေါ်လာ ၁၆၂၆ ဒသမ ၉၆၉ သန်း ကင်းလွတ်ဇုန်၌ လုပ်ငန်း ၄၆ ခုရင်းနှီးမြှုပ်နှံမှုပမာဏ ကန်ဒေါ်လာ ၄၉၆ ဒသမ ၈၃၃ သန်းရှိခဲ့ပြီး ဆောင်ရွက်ဆဲလုပ်ငန်း ၁၁၆ ခုနှင့်ရှိပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ ကန်ဒေါ်လာ ၂၁၁၂ ဒသမ ၉၀၂ သန်းနှင့်ရှိကြောင်း ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ စာရင်းဇယားများအရ သိရှိရသည်။

မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်လျက်ရှိပြီး အသေးစိတ်အချက်အလက်များကို မြန်မာသီလဝါ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီ၊ အခန်းအမှတ် ၁၀၀၊ မြေညီထပ်၊ စီမံရေးရာဌာန၊ ဒဂုံ-သီလဝါလမ်း၊ ကျောက်တန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့လည်းကောင်း၊ ဖုန်းနံပါတ် +၉၅ (၁) ၂၃၀၉၀၈၁၊ +၉၅(၁)၂၃၀၉၀၈၄ သို့လည်းကောင်း၊ ဝက်ဘ်ဆိုက်လိပ်စာ www.thilawasez.gov.mm နှင့် www.myan marthilawa.gov.mm တို့ကိုလည်းကောင်း ဆက်သွယ်စုံစမ်း၍ မေးမြန်းနိုင်ပြီဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်တို့၌ ခရီးသည်တင်မော်တော်ယာဉ်များအား PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်မိုင်းများဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် ခရီးသွားပြည်သူများ သေဆုံး/ဒဏ်ရာရရှိ

**နေပြည်တော် ဇူလိုင် ၁၃**

နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်အဖွဲ့များအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် ရည်ရွယ်၍ စစ်ရေးပစ်မှတ်မဟုတ်သည့် အပြစ်မဲ့ပြည်သူများနေထိုင်ရာ မြို့၊ ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ လမ်းမကြီးများပေါ်၌ မောင်းနှင်သွားလာနေသည့် မော်တော်ယာဉ်များအား မိုင်းဆွဲတိုက်ခိုက်ခြင်း၊ လမ်းတံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်မှုလုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ဇူလိုင် ၁၂ ရက် နံနက် ၁၀ နာရီခန့်တွင် မြစ်ကြီးနားမြို့မှ မန္တလေးမြို့သို့ ပြေးဆွဲသည့် ခရီးသည်တင်ယာဉ်သည် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ဘောကျေးရွာ၏အထွက် ရွှေဘို - မြစ်ကြီးနားကားလမ်းဘေးရှိ ယာဉ်စစ်ဆေးရေးဂိတ်၌ စစ်ဆေးမှုခံယူနေစဉ် လမ်း၏ယာဘက် လေးပေခန့်အကွာမှ PDF အမည်ခံအကြမ်းဖက်အဖွဲ့က ထောင်ထားသည့် လက်လုပ်မိုင်းပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီး ပေါက်ကွဲမှုကြောင့် ယာဉ်ပေါ်ပါ ခရီးသည်ဖြစ်သည့် မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ဆည်ကုန်းကျေးရွာနေ မစောဖြူငွေး (၂၆) နှစ် (ဘ) ဦးသိန်းနိုင်တွင် မိုင်းစထိမှန် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ပြီး ခရီးသည် ခုနစ်ဦးတို့တွင် မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့သဖြင့် ဆေးဝါးကုသနိုင်ရေး ရွှေဘိုမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိကြောင်း သိရှိရသည်။

၃။ ရင်းနှီးမြှုပ်နှံလိုသူ နိုင်ငံသားလုပ်ငန်းရှင်များနှင့် သမဝါယမအသင်းအဖွဲ့များသည် စိတ်ဝင်စားမှုအဆိုပြုလွှာ (Letter of Expression of Interests –LoEI) တင်ပြသည့်အခါ ကုမ္ပဏီ၏သင်းဖွဲ့စည်းမျဉ်း (Company's Articles of Association–AOA)၊ သင်းဖွဲ့မှတ်တမ်း (Memorandum of Association–MOA) သို့မဟုတ် ကုမ္ပဏီဖွဲ့စည်းပုံ (Constitution of Company)၊ ကုမ္ပဏီမှတ်ပုံတင်လက်မှတ် (Certificate of Incorporation)၊ လွန်ခဲ့သည့် (၃)နှစ်အတွက် ကုမ္ပဏီ၏နှစ်ပတ်လည် အစီရင်ခံစာ(Last 3 years Annual Report)၊ လွန်ခဲ့သည့်(၃)နှစ်အတွက် ကုမ္ပဏီ၏ ဘဏ္ဍာရေးရှင်းတမ်း (Last 3 Years Financial Statement) သို့မဟုတ် ဘဏ္ဍာရေးဆိုင်ရာအစီရင်ခံစာ (Financial Report)၊ ရေနံလုပ်ငန်းဆိုင်ရာ အတွေ့အကြုံများဖော်ပြချက် (Detail Track Record)၊ ကုမ္ပဏီတွင် လုပ်ငန်းကျွမ်းကျင်သူများ၊ ပညာရှင်များနှင့်ဖွဲ့စည်းထားသည့် ကုမ္ပဏီ၏ဖွဲ့စည်းမှုပုံစံနှင့် သက်ဆိုင်ရာ စာရွက်စာတမ်းများအား Hard Copy (မူရင်း(၁)စုံ + မိတ္တူ(၃)စုံ)နှင့် Soft Copy တို့ကို ပူးတွဲ၍ "မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ကုန်းပိုင်းလုပ်ကွက် (၁၀) ကွက်အတွက် စိတ်ဝင်စားမှုအဆိုပြုလွှာတင်သွင်းခြင်း–၂၀၂၂" ဟု ရေးသားဖော်ပြ၍ လာရောက် တင်ပြရမည်။ စိတ်ဝင်စားမှုအဆိုပြုလွှာတင်ပြခြင်းကို ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့ နေ့လယ် (၁၂:၀၀) နာရီထက်နောက်မကျစေဘဲ လူကိုယ်တိုင်ဖြစ်စေ သို့မဟုတ် ကိုယ်စားလှယ်ဖြင့်ဖြစ်စေ အောက်ဖော်ပြပါလိပ်စာသို့ လိပ်မူ၍တင်ပြရမည်–

**ညွှန်ကြားရေးမှူးချုပ်**
**ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန**
**စွမ်းအင်ဝန်ကြီးဌာန**
**ရုံးအမှတ်(၆)၊ နေပြည်တော်**

၄။ စိတ်ဝင်စားမှုအဆိုပြုလွှာတင်ပြသူများသည် မိမိတို့၏အဆိုပြုလွှာများကို စာတိုက်ဖြင့် လည်းကောင်း၊ E–mail ဖြင့်လည်းကောင်း တင်ပြခြင်းခွင့်မပြုပါ။

၅။ စိတ်ဝင်စားမှု အဆိုပြုလွှာတင်ပြလိုသူများသည် သတင်းစာတွင် ကြော်ငြာသည့်နေ့ရက်မှ ရက်သတ္တပတ်(၂)ပတ်ကြာသည့်အခါ စိတ်ဝင်စားမှုအဆိုပြုလွှာတင်ပြရာတွင် လိုအပ်သည့် အခြေခံအချက်အလက်များနှင့်စပ်လျဉ်း၍ ၂၆–၇–၂၀၂၂ ရက်နေ့ (၁၃:၀၀) နာရီ၌ ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန၊ ရုံးအမှတ်(၆)၊ နေပြည်တော်တွင် ရှင်းလင်းတင်ပြမှု ပြုလုပ်သွားမည်ဖြစ်သည်။

၆။ စိတ်ဝင်စားမှုအဆိုပြုလွှာတင်ပြမှုများအား ပဏာမရွေးချယ်ခံရသူများစာရင်း (Short List) ပြုလုပ်မည်ဖြစ်ပါသည်။ ပဏာမရွေးချယ်ခြင်းစာရင်း (Short List) တွင်ပါဝင်သည့် နိုင်ငံသားလုပ်ငန်းရှင်များနှင့် သမဝါယမအသင်းအဖွဲ့များသည် တင်ဒါဖိတ်ခေါ်သည့် လုပ်ကွက်များနှင့် သက်ဆိုင်သည့် ဘူမိဗေဒဆိုင်ရာ အချက်အလက်များကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ဘူမိဗေဒ/ဘူမိရူပဗေဒဌာနအဖွဲ့မှ အခမဲ့ရှင်းလင်းတင်ပြမှု ပြုလုပ်ပေးမည်ဖြစ်သည်။

၇။ ပဏာမရွေးချယ်ခြင်းစာရင်း (Short List) တွင်ပါဝင်သည့် နိုင်ငံသားလုပ်ငန်းရှင်များနှင့် သမဝါယမအသင်းအဖွဲ့များသည် လုပ်ကိုင်ဆောင်ရွက်လိုသည့် လုပ်ကွက်အတွက် အဆိုပြုလွှာများတင်သွင်းနိုင်ရန် JOA စာချုပ်နှင့်သက်ဆိုင်သည့် စည်းကမ်းသတ်မှတ်ချက်များ Standard Terms and Conditions ကို ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာနမှ ရှင်းလင်းဖြေကြားပေးမည်ဖြစ်သည်။

၈။ ပဏာမရွေးချယ်ခြင်းစာရင်း (Short List) တွင်ပါဝင်သည့် နိုင်ငံသားလုပ်ငန်းရှင်များနှင့် သမဝါယမအသင်းအဖွဲ့များသည် မိမိတို့အဆိုပြုသည့် Terms and Conditions များအား အဆိုပြုလွှာတွင်ဖော်ပြ၍ ပြန်လည်တင်ပြရမည်။

၉။ အဆိုပြုလွှာတွင်ဖော်ပြထားသော လုပ်ကိုင်ဆောင်ရွက်လိုသည့် လုပ်ကွက်နှင့်စပ်လျဉ်းသည့် Terms and Conditions အဆိုပြုချက်များအပေါ် နည်းပညာပိုင်း၊ ငွေကြေးခိုင်မာတောင့်တင်းမှု၊ လုပ်ငန်းဆောင်ရွက်မှုအတွေ့အကြုံများရှိ–မရှိ စိစစ်ခြင်းနှင့် စည်းကမ်းသတ်မှတ်ချက်များနှင့်ညီညွတ်မှုရှိ–မရှိ စိစစ်ခြင်းများပြုလုပ်၍ ရွေးချယ်သွားမည်ဖြစ်သည်။

၁၀။ ပဏာမရွေးချယ်ခြင်းစာရင်း (Short List) တွင်ပါဝင်ရွေးချယ်ခြင်းခံရသည့် နိုင်ငံသားလုပ်ငန်းရှင်များနှင့် သမဝါယမအသင်းအဖွဲ့များသည် အောက်ဖော်ပြပါ လိပ်စာသို့ ဆက်သွယ်ရမည်–

**ညွှန်ကြားရေးမှူးချုပ်**
**ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန**
**စွမ်းအင်ဝန်ကြီးဌာန**
**ရုံးအမှတ်(၆)၊ နေပြည်တော်**
**ဖုန်း** ၉၅–၀၆၇ ၃ ၄၁၁၀၄၆
**ဖက်စ်** ၉၅–၀၆၇ ၃ ၄၁၁၂၁၃
**အီးမေးလ်** **oilandgasplanningdepartment@gmail.com**

မှတ်ချက်။ အခြားသိရှိလိုသည်များရှိပါ အောက်ပါလိပ်စာများသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်–

(၁) **ညွှန်ကြားရေးမှူးချုပ်**
ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန
စွမ်းအင်ဝန်ကြီးဌာန၊နေပြည်တော်
ဖုန်း ၉၅–၀၆၇ ၃ ၄၁၁၀၄၆
ဖက်စ် ၉၅–၀၆၇ ၃ ၄၁၁၂၁၃
အီးမေးလ် **oilandgasplanningdepartment@gmail.com**

(၂) **ဦးဆောင်ညွှန်ကြားရေးမှူး**
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
စွမ်းအင်ဝန်ကြီးဌာန၊ နေပြည်တော်
ဖုန်း ၉၅–၀၆၇ ၃ ၄၁၁၀၅၅/ ၃ ၄၁၁၀၅၆
ဖက်စ် ၉၅–၀၆၇ ၃ ၄၁၁၁၇၈/ ၃ ၄၁၁၁၂၅
အီးမေးလ် **mogemdoffice4163@gmail.com**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## တိုင်းရင်းဆေးပညာဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ၂၀၂၂–၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ဓာတ်ခွဲခန်းသုံးစက်ပစ္စည်းများ၊ ရုံးသုံးစက်ပစ္စည်းများ၊ လုပ်ငန်းသုံးစက်ပစ္စည်းများနှင့် ပရိဘောဂပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ရောင်းဝယ်သည့်ကုမ္ပဏီများနှင့် လုပ်ငန်းဆောင်ရွက်သူများထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါစည်းကမ်းအသေးစိတ်နှင့် စက်ပစ္စည်းစာရင်းအသေးစိတ်ကို ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ရုံးအမှတ်(၄၇) နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ လည်းကောင်း အော်တိုတယ်လီဖုန်း ၀၆၇–၃၄၃၁၀၉၅ သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ **တင်ဒါလျှောက်လွှာ** – ၁၈–၇–၂၀၂၂ရက်၊(တနင်္လာနေ့)၊
**စတင်ရောင်းချမည့်ရက်/အချိန်** နံနက်(၀၉:၃၀)နာရီ

၄။ **တင်ဒါပိတ်မည့် ရက်/အချိန်** – ၅–၈–၂၀၂၂ ရက် (သောကြာနေ့)၊ ညနေ(၁၆:၃၀)နာရီ

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၂–၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် အသုံးပြုရန် လိုအပ်သော(၂၀၂၂ခုနှစ် ဩဂုတ်လအတွက်) ဒီဇယ်ဆီ (High Speed Diesel) ၊ ပရီမီယံ ဒီဇယ်ဆီ (Premium High Speed Diesel) နှင့် ဓာတ်ဆီ (Octane–92) တို့ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများအား ၄–၈–၂၀၂၂ ရက်၊ ၁၃:၀၀ နာရီ နောက်ဆုံးထားတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း(ဗိုလ်တထောင်ဘုရားအနောက်ဘက်၊ကွန်ကရစ်လမ်း၊ Toll Gate အနီး)၊ ဗိုလ်တထောင်မြို့နယ်တွင် ၁၈–၇–၂၀၂၂ ရက်မှစ၍ ၂–၈–၂၀၂၂ ရက်ထိ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း–၀၁–၈၆၁၀၂၃၀ နှင့် ၀၁–၈၆၁၀၂၃၂ တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၃–၂)၊ မြေကွက်အမှတ် ၇၁၊ ဧရိယာ ၀ ဒသမ ၀၅၄ ဧက၊ မြေကွက်တည်နေရာအမှတ် (၆၆)၊ နှင်းဆီလမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ်၊ ဒေါ်စန်းစန်းဝင်း ၁၃/လလန(နိုင်)၀၄၅၁၂၆၊ အမည်ပေါက် နှစ်(၉၀) သက်တမ်းဂရန်မြေအား ဒေါ်စန်းစန်းဝင်း(ကိုယ်တိုင်)မှ နှစ်(၉၀)ဂရန် (True Copy)၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ဂရန်သက်တမ်းတိုးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အခန်းပိတ်ဆို့သော့ခတ်ထားသူနှင့်
## သက်ဆိုင်သူအများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ သုခလမ်း၊ ကျောက်/ကြီး ရပ်ကွက်၊ အိမ်အမှတ်(၁၂)၊ မြေညီတိုက်ခန်းတွင်နေထိုင်သော ဒေါ်အေးအေးကြွယ် ၁၂/တမန(နိုင်)၀၁၄၂၁၆၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။ အထက်ဖော်ပြပါအခန်းသည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးကြွယ်နှင့်ခင်ပွန်းဖြစ်သူ ဦးမြင့်ရှိန်တို့ ၂၈–၄–၁၉၉၅ ခုနှစ်တွင် လက်ထပ်ပြီးနောက်ပိုင်း ပိုင်ဆိုင်နေထိုင်နေသော အခန်းဖြစ်ပါသည်။ ထိုအခန်းတွင် ကျွန်ုပ်၏ မိတ်ဆွေတို့ လင်မယားနှစ်ဦးပိုင်ပစ္စည်းများနှင့် ကျွန်ုပ်၏မိတ်ဆွေပိုင် ပစ္စည်းများအခန်းတွင်း ရှိနေပါလျက် သော့လာခတ်သွားခြင်းကို ခံခဲ့ရခြင်းဖြစ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဇနီးမောင်နှံတို့ ၁၉၉၅ ခုနှစ်မှ ၂၀၂၁ ခုနှစ်ထိ နှစ်ပေါင်း(၂၀)ကျော် အတူတကွပေါင်းသင်းနေထိုင်ခဲ့သောတိုက်ခန်းသည် ဦးမြင့်ရှိန် မိဘများက ပေးအပ်နေထိုင်စေခဲ့သောအခန်းဖြစ်ပါသည်။ ထိုအခန်းတွင် လင်မယား(၂)ဦး ဈေးရောင်း၍ ဘဝရပ်တည်နေထိုင်ခဲ့ပါသည်။ ၂၀၁၂ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ဦးမြင့်ရှိန်သည် နေမကောင်းဖြစ်ခဲ့ပါသည်။ ထို့ကြောင့် နာမကျန်းဖြစ်နေသော ခင်ပွန်းဖြစ်သူကို ကျွန်ုပ်၏ မိတ်ဆွေတစ်ယောက်တည်း ဈေးလည်းရောင်း၊ ခင်ပွန်းကိုလည်း ပြုစုအတူတကွနေထိုင်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ်တွင် ကျွန်ုပ်မိတ်ဆွေ၏အဖေ အသက်(၉၆)အရွယ် စာရေးဆရာ ဦးမောင်ကလေး (သောကြာမောင်ကလေး)နှင့် အသက်(၈၂) အရွယ် ခြေကျိုးနေသူ အမေ နှစ်ဦးစလုံး ကျန်းမာရေးလုံးဝမကောင်းပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေသည် ဖော်ပြပါအခန်းနှင့် ခင်ပွန်းတို့ကိုထားပြီး မိဘနှစ်ပါးကို ပြုစုရန် သွားရောက်ခဲ့ရပါသည်။ ၂၀၁၉ ခုနှစ်တွင် ဖခင်သေဆုံးခဲ့ပြီး ခင်ပွန်းသည်ကလည်း ၂၀၂၂ ခုနှစ်တွင် သေဆုံးခဲ့ကြပါသည်။ ယခုတိုင် အသက်(၈၅)အရွယ် အမေသည် လူကူမရှိလျှင် ရပ်တည်မရသည့် အခြေအနေတွင်ရှိနေပါသည်။ ဤမိခင်ကြီးနှင့် ယခုတိုင်အတူနေပြီး ပြုစုစောင့်ရှောက်နေပါသည်။ မိခင်ကျန်းမာရေး အနည်းငယ်ကောင်းလာသဖြင့် မိမိအခန်းသို့ပြန်၍ ပစ္စည်းများယူရန်သွားသည့်အခါ ကျွန်ုပ်၏မိတ်ဆွေတို့ လင်မယားနေသည့်အိမ်ခန်း(တိုက်ခန်းသည်) သော့ခတ်ထားပြီး ဝင်လို့လည်းမရ ကျွန်ုပ်မိတ်ဆွေ၏လင်မယားပိုင်ပစ္စည်း၊ ကျွန်ုပ်၏မိတ်ဆွေ ပစ္စည်းများလည်း ထုတ်မရဖြစ်နေပါသည်။

ကျွန်ုပ်၏မိတ်ဆွေပိုင်ပစ္စည်း၊ ကျွန်ုပ်၏မိတ်ဆွေနေထိုင်ရာ အခန်းကို ဤသို့ပိတ်ဆို့တားဆီးထားသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း လာရောက်သော့ဖွင့်ပေးရန် တောင်းဆိုလိုက်ပါသည်။ ဤအခန်းသည် အသက်(၆၀)ကျော် သက်ရင့်သက်ကြီး ဒေါ်အေးအေးကြွယ်၏ အခွင့်အရေးရှိ အခန်းဖြစ်နေပါသည်။ ထို့ကြောင့် ဤကဲ့သို့ သော့ခတ်ပိတ်ဆို့ထားမှုလုပ်ခွင့်မရှိပါ။ အကယ်၍ အခန်းကို ပိတ်ဆို့သော့ခတ်ထားသူသည် ဤတိုက်ခန်းကို သက်ဆိုင်သူဟုဆိုပါက လာရောက်ဆွေးနွေးမှုကိုသာပြုရပါမည်။ သို့ဖြစ်ပါ၍ ဤကြော်ငြာပါကိစ္စရပ်များကို မေတ္တာကျေးဇူးအသိဖြင့် လာရောက်ဆွေးနွေးမှုပြုပါရန် ဖိတ်ခေါ်အပ်ပါသည်။ သို့သော် သတ်မှတ်ရက်ထက်ကျော်လွန်လျှင် (သို့မဟုတ်) တိုက်ခန်းသော့လည်း ဖွင့်ပေးခြင်းမရှိ၊ လာရောက်ဆွေးနွေးညှိနှိုင်းမှုလည်းမရှိခဲ့ပါလျှင် မလွှဲမရှောင်သာပြီဖြစ်၍ ရာဇဝတ်ကြောင်း၊ တရားမကြောင်းများနှင့် အမှုဖွင့်အရေးယူသွားရတော့မည်ဖြစ်ကြောင်း သော့ခတ်ထားသူနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–ဦးကြည်ထွန်း(စဉ်–၆၁၇၃)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်–၃၁/၅၇၊ ဩဘာလမ်း၊ ကျောက်/ထက်ရပ်ကွက်၊ ကျောက်မြောင်း၊**
**တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း–၀၉–၅၀၇၅၁၇၁**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4J/2622 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရှာသာကြီး)**

### ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဘိုဖြူ ၁၂/ဥကမ(နိုင်)၀၀၇၅၀၅၏ ယာဉ်အမှတ် BB/3890 Probox အငှားယာဉ်(ခဲရောင်)သည် ၁၀–၇–၂၀၂၂ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၇၉၅၈၅၈၅၁၀၊**
**၀၉–၇၉၅၈၅၈၅၁၂**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3H/7246 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရှာသာကြီး)**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အောင်လံမြို့၊ စမ်းချောင်းရပ်ကွက်၊ အကွက်အမှတ်(၅/စမ်းချောင်း)၊ ဦးပိုင်အမှတ်(ခ/၁၉၂/၁)၊ ဧရိယာ ၀ ဒသမ ၀၈၈ ဧကရှိ ဘိုးဘပိုင်မြေသည် အောင်လံမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနရှိ စာရင်းမြေပုံများတွင် ဦးယုလွင်အောင်ပါ (၃)အမည်ပေါက် အိမ်မြေကွက်ဖြစ်ပြီး ၎င်းအမည်ပေါက် အိမ်မြေကွက်အား ၁–၁–၂၀၁၆ရက်စွဲပါ အရောင်းအဝယ်စာချုပ်အမှတ်(၂/၂၀၁၆) အရ ဒေါ်ချစ်လှမှ ၎င်း၏အမည်သို့ အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ရက်၃၀အတွင်း စာရွက်စာတမ်းမူရင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**ဦးစီးဌာနမှူး**
**အောင်လံမြို့နယ်**
**လယ်ယာမြေစီမံခန့်ခွဲရေးနှင့်**
**စာရင်းအင်းဦးစီးဌာန**

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မျိုးထက်အောင် ၅/ယမပ(နိုင်)၁၃၂၄၁၀၏ နိုင်ငံကူးလက်မှတ်နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေး ပါရန်။

**ဖုန်း–၀၉–၈၇၀၀၀၉၂၄၄**

### ပျောက်ဆုံးကြောင်း

ကျွန်မ မအိအိချော ၅/ယမပ(နိုင်) ၁၂၄၂၂၇၏ နိုင်ငံကူးလက်မှတ်နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၂၅၉၀၄၀၀၄၁**

### ပျောက်ဆုံးကြောင်း

ကျွန်မ ဆန်းငွေခိုင် ၅/ယမပ(နိုင်) ၀၉၆၈၄၂၏ နိုင်ငံကူးလက်မှတ် နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၅၀၄၈၆၃၈၁**

### ဖခင်အမည်မှန်

ကန့်ဘလူမြို့၊ အမှတ်(၃)ရပ်ကွက်၊ အထက(ခွဲ)(ညောင်အိုင်)၊ စတုတ္ထတန်းမှ မောင်ဝေယံထက်၏ ဖခင်အမည်မှန်မှာ ဦးကျော်သန်း ၅/ကဘလ(နိုင်) ၁၁၇၇၂၂ ဖြစ်ပါကြောင်း။

### အမည်မှန်

ကလေးမြို့၊ အောင်မြေမာန်ရပ်ကွက်နေ ဦးမောင်တိုး၏သမီး မအေးမို့မို့လှိုင်၏ အမည်မှန်မှာ မခင်မို့မို့လှိုင်ဖြစ်ပါကြောင်း။

### ယာဉ်မှတ်ပုံတင်စာအုပ်
### မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/36500 ZONG SHEN 110, M/C ယာဉ်လက်ဝယ်ရှိသူ Thardu Thukha Co.,Ltd က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
## အုတ်ဖိုမြို့နယ်တရားရုံး
## ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ်–၂၇

| | | |
|---|---|---|
| ဒေါ်မြတ်သူဇာ | နှင့် | ဦးမိုးဇော် |
| တရားလို | | တရားပြိုင် |

အုတ်ဖိုမြို့နယ်၊ အေးမြသာယာအုပ်စု၊ (၁၀)ရပ်ကွက်နေ (ဘ)ဦးစိုးဝင်း၏သား ဦးမိုးဇော် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂ခုနှစ် ဇူလိုင် ၂၉ ရက် (၁၃၈၄ ခုနှစ် ဝါခေါင်လဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဇူလိုင် ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကေသွယ်နိုင်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**အုတ်ဖိုမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၆)ရပ်ကွက်၊ ဇာနည်လမ်း၊ အမှတ်(၇၅၂)၊ မြေအမျိုးအစား မြေချပါမစ်၊ (အလျားပေ၄၀xအနံပေ၆၀)ရှိ မြေကွက်ထဲမှ တရားဝင်မခွဲမစိတ်ရသေးသော (၁၀ပေ x ပေ၆၀)ရှိ မြေကွက်နှင့်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက်ဖြစ်သူ ဦးစိန်မြင့်ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းအဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု မြွက်ဟဝန်ခံသူ ဒေါ်မာလာ ၁၂/သဃက(နိုင်)၁၁၂၄၆၁ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြသန္တာ ၁၂/ဥကတ(နိုင်)၁၇၆၄၉၃သည် အပြီးအပိုင် လက်ရောက်ဝယ်ယူရန် စရန်ငွေ(တန်ဖိုး၏တစ်စိတ်တစ်ဒေသငွေ) ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော (စာရွက်စာတမ်းမူရင်းများ) အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ထိုရက်ကျော်လွန်သည့်တိုင် လာရောက်ကန့်ကွက်မှုများမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးအာကာလင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၄၃၄/၂၀၂၁)**
**အမှတ်(၈၅၈)၊ အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ဖုန်း–၀၉–၂၆၄၁၉၉၂၈၈၊ ၀၉–၂၆၀၃၉၉၀၃၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁၈)၊ မြေကွက်အမှတ်(၃၁၂)၊ ၄ဝါလမ်း၊ အကျယ်အဝန်း (အလျားပေ၄၀xအနံပေ၆၀)၊ ဧရိယာ ၀ ဒသမ ၀၅၅ဧက၊ ၂၄၀၀ စတုရန်းပေရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် အမည်ပေါက်သူများဖြစ်သည့် ဦးမြင့်သူ ၁၂/မဂတ(နိုင်)၀၅၁၂၆၆ နှင့် ဒေါ်မဥ္ဇူမြင့် ၁၂/လသန(နိုင်)၀၀၂၄၃၄ တို့မှ တရားဝင်အရှုပ်အရှင်းကင်းစွာ ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ စရန်ပေးစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဒေဝီ(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၅၃၄၃၁)**
**အမှတ်(၉၁၄)၊ ရေသန့်လမ်း၊ ၁၃၁ ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊**
**ဖုန်း–၀၉–၇၉၃၀၆၀၅၀၈**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
## မြစ်ကြီးနားခရိုင်တရားရုံးတော်၌
## ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ်–၄၀

| | | |
|---|---|---|
| ဒေါ်မာလာ | နှင့် | ၁။ ဦးဒွန်ဒီနတ် |
| | | ၂။ ဒေါ်ဆူမီသရား |
| တရားလို | | တရားပြိုင်များ |

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်၊ လမ်းသွယ်(၃၂)၊ နယ်မြေ(၁၀)၊ အိမ်အမှတ် (၁၅၃)နေ (၂)တရားပြိုင် ဒေါ်ဆူမီသရား (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက တရားမကျင့်ထုံးဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၃ အရ ဝရမ်းကပ်ထားသော ပစ္စည်း၏ပိုင်ရှင်ဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကိုချေပ ပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ ခုနှစ် ဩဂုတ် ၁၅ ရက်(၁၃၈၄ ခုနှစ် ဝါခေါင်လပြည့်ကျော် ၄ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်သို့ ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇူလိုင် ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စောဝီလီ)**
**ခရိုင်တရားသူကြီး**
**မြစ်ကြီးနားခရိုင်တရားရုံး**

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## အမျိုးသားကျန်းမာရေးခာတ်ခွဲမှုဆိုင်ရာဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၂-၂၀၂၃ဘဏ္ဍာနှစ်အတွင်း အမျိုးသားကျန်းမာရေးခာတ်ခွဲမှုဆိုင်ရာဌာန၊ လေးထပ်ဆောင်တွင် Hospital Elevator (1000kg x 1600mm x 1200mm)တစ်လုံး တပ်ဆင်ခြင်းလုပ်ငန်းအတွက် မြန်မာကျပ်ငွေဖြင့် အစိုးရအသိအမှတ်ပြုသည့် ကုမ္ပဏီများထံမှ ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့် ရက်နှင့်အချိန်** - ၁၄-၇-၂၀၂၂ရက် နံနက် ၁၀:၀၀နာရီ
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၈-၇-၂၀၂၂ရက် ညနေ ၄:၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် လုပ်ငန်းများ၊ အသေးစိတ်ကို သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူး၊ ဖုန်း-၀၉-၅၀၁၉၉၀၆ (သို့မဟုတ်) ၃၅-မော်ကွန်းတိုက်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၈၃၇၁၉၅၇ တို့သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**အမျိုးသားကျန်းမာရေးခာတ်ခွဲမှုဆိုင်ရာဌာန**
**၃၅-မော်ကွန်းတိုက်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့**

## မွေးသက္ကရာဇ်အမှန်

ဦးအောင်ဝင်း၏သား သံဖြူဇရပ်မြို့နယ်၊ ဝါခရူကျေးရွာနေ မောင်မျိုးသီဟ ၁၀/သဖရ(နိုင်)၁၇၅၃၃၈၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင်တန်းအောင် လက်မှတ်အရ ၄-၆-၁၉၉၈ သည် အမှန်ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ကြောင်း

ဦးကွယ်၏ သမီး သံဖြူဇရပ်မြို့၊ အောင်မင်္ဂလာရပ်ကွက်၊ (၃)လမ်းနေ ဒေါ်စန်းအေး ၁၀/သဖရ(နိုင်)၁၂၄၆၀၂၏ ဖခင်အမည် ဦးကွယ်(ခ)ဦးကွဲသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးကွယ်(ခ)ဦးကွဲ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဆရာစံရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/အလောင်းစည်သူ၊ ဦးပိုင်အမှတ်(၁၅)၊ ဧရိယာ ၀ ဒသမ ၀၈၂ဧကအား ဦးအေးမင်း (ဘ) ဦးညွှန့်မောင် ၃/ဘအန(နိုင်)၀၀၆၁၅၈၊ ဒေါ်ဝင်းဝင်းနွယ် (ဘ) ဦးညွှန့်မောင် ၉/တကန(နိုင်)၁၂၁၅၈၆မှ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ်(၁၈၇၈/၂၀၂၂)၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ တပ်ကုန်းမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃/နဝဒေးရပ်၊ နဝဒေးရပ်ကွက်ရှိ အရခဗမောင်မောင်ထွေး (ကိုယ်ပိုင်အမှတ် ၅၆၈၅၂၈) ၉/မမန(နိုင်) ၀၀၇၉၆၀ (ဘ) ဦးတင်ဦး အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(B)၂၀၄၆ အမည်ပေါက် (ကွယ်လွန်)၏ တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်စန်းစန်းဌေး ၁၂/မဂဒ (နိုင်) ၀၁၈၆၅၉ (ဘ) ဦးစိုးမြင့်မှ တရားဝင်အမွေခံဇနီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ အရခဗမောင်မောင်ထွေး သေဆုံးခြင်း လက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ် ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## တောင်ကြီးခရိုင်တရားရုံး
## ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် – ၁၁၈

၁။ ဒေါ်ခင်ဝင်းမြင့် — နှင့် — ဦးစိုးမြင့်
၂။ ဒေါ်စန်းစန်းကြူ
၃။ ဒေါ်နန်းခဲ
**(တရားလိုများ)** — **(တရားပြိုင်)**

ဦးစိုးမြင့်(ကွယ်လွန်သူ ဒေါ်ခင်သန်းညွှန့်၏ခင်ပွန်း)၊ မြမဥ္ဇူအိမ်ရာ၊ အခန်းအမှတ် (၂၀၂-၂၀၃)၊ ညောင်ဖြူစခန်းရပ်ကွက်၊ တောင်ကြီးမြို့ (ယခုနေရပ်လိပ်စာမသိသူ) နေသူအား သိစေရမည်။

သင့်အပေါ်၌ တရားလိုက "အချင်းဖြစ်အိမ်နှင့်မြေဥပစာ၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် တရားပြိုင်နှင့်အကျိုးသက်ဆိုင်ခွင့်မရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှု"နှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကိုချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ ခုနှစ် ဇူလိုင်၂၉ ရက် (၁၃၈၄ ခုနှစ် ဝါခေါင်လဆန်း ၂ ရက်)မွန်းမတည့်မီ (၁၀) နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်း ရမည်။

၂၀၂၂ ခုနှစ် ဇူလိုင် ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်စိုးညွှန့်)**
**ခရိုင်တရားသူကြီး**
**တောင်ကြီးခရိုင်တရားရုံး**

## ပျောက်ဆုံးကြောင်း

ကျွန်မ မညို ၅/ယမပ(နိုင်) ၁၂၈၆၂၃ ၏ နိုင်ငံကူးလက်မှတ်အမှတ် နံပါတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၅၄၃၃၃၂၀၀

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်ဇင်ထက် ၅/ယမပ(နိုင်)၁၄၄၂၆၆ ၏ နိုင်ငံကူး လက်မှတ်အမှတ် နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၅၄၃၃၃၂၀၀

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဆန်းဝင်းနိုင် ၈/စတရ(နိုင်)၀၄၃၈၈၂ ၏နိုင်ငံကူး လက်မှတ်အမှတ် နံပါတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၅၄၃၃၃၂၀၀

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်မျိုးနိုင် ၅/ယမပ(နိုင်)၀၉၆၀၁၄ ၏နိုင်ငံကူး လက်မှတ် အမှတ် နံပါတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၄၃၇၂၉၅၂

## ပျောက်ဆုံး

ကျွန်တော် မောင်ခိုင်မင်း ၅/စကန(နိုင်)၂၁၃၈၇၅ ၏ နိုင်ငံကူး လက်မှတ်အမှတ် နံပါတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၀၀၀၉၂၄၄

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့်-၅၊ နည်းဥပဒေ-၂၀)
## ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
## ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ်-၄၇၄

ဒေါ်အေးငုဝါ — နှင့် — ၁။ ဒေါ်မိုးမိုးကျော်
၂။ ဒေါ်တင်ချို
**တရားလို** — **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၃)ရပ်ကွက်၊ ရွှေသစ္စာလမ်း၊ အမှတ် ၁၁ နေ ဒေါ်မိုးမိုးကျော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၁)ရပ်ကွက်၊ ဇေယျာသီရိ (၁)လမ်း၊ အမှတ် ၄၉၄ နေ ဒေါ်တင်ချို (ယခုနေရပ်လိပ်စာ မသိသူများ)သိစေရမည်။

သင်တို့အပေါ်၌ တရားလိုဒေါ်အေးငုဝါက သီးခြားသက်သာခွင့် ဥပဒေပုဒ်မ-၁၂ အရ အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ် ဇူလိုင် ၂၅ ရက်(၁၃၈၄ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇူလိုင် ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(စောအောင်ထူး)**
**ဒုတိယခရိုင်တရားသူကြီး(၉)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ကျွန်တော်၏မိတ်ဆွေဖြစ်သူ ဦးလှမိုး ၈/ရစက(နိုင်)၁၄၄၄၂၄၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ ၂၀/တိုးချဲ့ရပ်ကွက်၊ ဗန္ဓုလလမ်း၊ အမှတ်(၄၈၇)၊ အကျယ်အဝန်း ၄၀'x၆၀'ရှိ မြေ/နေအိမ် ရေမီးအစုံ အဆောက်အအုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ဆက်စပ်စာချုပ်များအရ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်အေးအေးမော် ၁၂/ဥကမ(နိုင်)၂၀၁၉၃၄ မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသဖြင့် အရောင်းအဝယ်ကို ကန့်ကွက်လိုပါက မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းများနှင့် ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိန်းဇော်ဦး (LL.B)**
**အထက်တန်းရှေ့နေ**
**စဉ်-၂၁၇၁၆ (၃၀-၁၂-၁၉၉၈)**
**ဖုန်း-၀၉-၈၉၉၀၆၅၆၆၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဆရာစံရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/နတ်သျှင်နောင်၊ ဦးပိုင်အမှတ်(၁၄၉)၊ ဧရိယာ ၀ ဒသမ ၁၁၇ ဧကအား ဒေါ်အမာကြည် (ဘ) ဦးအလီယာမွတ် ၉/တကန(နိုင်)၀၀၀၁၅၂ မှပိုင်ဆိုင်ကြောင်းကျမ်းကျိန်လွှာ အမှတ် (၂၂၅၃/၂၀၂၂) ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ တပ်ကုန်းမြို့နယ် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေး ကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများ တင်ပြပြီး အဆောက်အဦ ဆောက်လုပ်မိန့်တင်ပြရန်အတွက် မြေပုံ/မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါကဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ/ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## လပွတ္တာခရိုင်တရားရုံးတော်
## ၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ်- ၁၇

ဒေါ်သင်းသင်းခိုင် — နှင့် — ဒေါ်ဖြူဖြူအောင်
**တရားလို** — **တရားပြိုင်**

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ မော်လမြိုင်ကျွန်းမြို့၊ အမှတ်(၆)ရပ်ကွက်၊ အမှတ်(၂၉)၊ အောင်ဆန်း(၁၄)လမ်းနေ ဒေါ်ဖြူဖြူအောင်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်သင်းသင်းခိုင်က (၃၀-၁-၂၀၂၀)ရက်စွဲပါ ကတိစာချုပ်အရ ငွေကျပ် (၁၄၇၁၃၀၀၀၀ိ/)-(ကျပ်သိန်းတစ်ထောင့်လေးရာခုနစ်ဆယ့်တစ်သိန်း သုံးသောင်းတိတိ)ရလိုမှု (သို့မဟုတ်) တရားပြိုင်ပိုင်ဆိုင်သည့် (၁)အကွက်အမှတ်(၉/တောင်)၊ ဦးပိုင်အမှတ်-၂၁၊ မြေကွက်အမှတ်-၁၈၈၊ မြေဧရိယာ (၀ ဒသမ ၀ ၃၄) ဧကနှင့် ယင်းမြေပေါ်ရှိ ၄ ပင် ၃ ခန်း နေအိမ်(၁)လုံး၊ (၂)မြေကွက် အမှတ်-၁၂၃၄၊ ဦးပိုင်အမှတ် (၁၃/၂)၊ ဧရိယာ(၀ ဒသမ ၅၇) ဧကခြံမြေကွက် (၃)ဦးအောင်မြတ်လမ်းရှိ အမှတ်(၁၉)၊ (၁၃)ရပ်ကွက်၊ (၆၀x၁၂၀)ပေမြေကွက်တို့အား လွှဲပြောင်းပေးအပ်စေ"လိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောနိုင်သူ ကိုယ်စားလှယ် နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ် ဩဂုတ် ၈ ရက် (၁၃၈၄ ခုနှစ် ဝါခေါင်လဆန်း ၁၂ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် လိုအပ်သည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇူလိုင် ၇ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်နေလင်း)**
**ဒုတိယခရိုင်တရားသူကြီး**
**လပွတ္တာခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ ကွင်းအမှတ်(၁၀၊ ရာဒါပူအရှေ့)၊ ဦးပိုင်အမှတ်(N၂၀/၄)၊ မြေဧရိယာ ၀ ဒသမ ၃၅၉ ဧကရှိမြေကွက်အား ဒေါ်အူခရုလုအမည်ဖြင့် (၃-၄-၂၀၁၈)ရက်အထိ မြေငှားဂရန်အမည်ပေါက်လျက်ရှိပြီး ဒေါ်အူခရုလုထံမှ ဦးတူးဂျာက ၁၁-၅-၂၀၂၁ ရက်စွဲပါစာချုပ်မှတ်ပုံတင်အမှတ် (၈၂/၂၀၂၁)ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးတူးဂျာထံမှတစ်ဆင့် ဦးမြင့်ဝင်းနိုင် United Paints Group Co.Ltd က (၁၃-၁-၂၀၂၂)ရက်စွဲပါစာချုပ်မှတ်ပုံတင်အမှတ် (၂၅/၂၀၂၂)ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်သဖြင့် United Paints Group Co.,Ltd အမည်ဖြင့် စက်မှု/စီးပွား မြေငှားဂရန် ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးခရိုင်၊ သစ်တောရပ်ကွက်၊ ကွင်းအမှတ် (၄၃)၊ ကွင်းအမည် (ဥယျာဉ်ပောင်းရပ်)၊ ဦးပိုင်အမှတ် (၂၂+၂၃)၊ မြေကွက်အမှတ် (၂၅)၊ ဧရိယာ (၀.၃၂၂)ဧကရှိ ဦးစိုင်းထွန်းမင်း အမည်ပေါက် နှစ်(၃၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဦးစိုင်းထွန်းမင်း (လူပျိုကြီးဘဝဖြင့်ကွယ်လွန်၍) အမွေဆက်ခံခွင့်ရှိသူများဖြစ်သော (၁) ဒေါ်နန်းနွန်းခမ်း (၁၂/ဗဟန (နိုင်) ၀၃၈၂၅၉)၊ (၂) ဦးစိုင်းထွန်းသီဟ (၁၃/လရန (နိုင်) ၀၉၀၃၅၇)၊ (၃) ဦးစိုင်းထွန်းဆိုင်ညွှန့် (၁၃/လရန (နိုင်) ၁၀၁၃၈၀)နှင့် (၄) ဦးစိုင်းဟန်ထွန်း (၁၃/လရန (နိုင်) ၁၄၁၆၆၉)တို့ (၄)ဦးထံမှကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L.,**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)**
**Hein Htet San Law Firm**

**ဒေါ်လင်းလင်းထက်**
**LL.B,**
**အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)**
**၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉၄၅ ၅၅၀ ၆၁၄၆**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အမှတ်(17)၊ ဇေယျာသုခလမ်း၊ မုံ့(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ တိုက်ခန်း(ငါး)လွှာ၊ ခြေရင်းအခန်းပေ 12'1/2" 50' ရှိ ဒေါ်ရှင်ယုခင်(ခ)မခင်ခင်ဦး ၁၂/လသန(ဧည့်)၀၀၁၀၃၅ မှ ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်းဝန်ခံပါသဖြင့် ဦးမိုးသူအောင် ၅/မရန(နိုင်)၂၂၉၁၉၈ မှ စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**မိုးသူအောင်**
**ချမ်းမြဝတီရပ်၊ အမှတ်(၂)လမ်း၊ မုံရွာမြို့၊**
**ဖုန်း ၀၉-၂၆၅၉၄၃၃၇၄**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်(၅၀၈)၊ အကျယ်အဝန်း (၀.၀၅၆)ဧကရှိ ဗိုလ်မှူးလှမြင့် (D/RGN- ၀၀၅၆၅၆) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးထွန်းငွေ (AA- ၀၉၁၉၃၃) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက် အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးခင်မောင်ဦး** — **ဒေါ်လင်းလင်းထက်**
**LL.B, D.B.L, D.I.L,** — **LL.B.**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)**
**Hein Htet San Law Firm ဖုန်း-၀၉၅၅၀၆၁၄၆၊ ၀၉၄၅၅၅၀၆၁၄၆**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ်(ဇ-၄၀၂၆)၊ ဧရိယာ ၀ ဒသမ ၀၅၇ဧကရှိ ဒေါ်ကမ်ရှင်တိကျိန် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်ခင်စန်းရည် (ဘ) ဦးထွန်းကြည် ၉/တကန (နိုင်)၀၀၅၇၃၇မှ မြေငှားစာချုပ် အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်(၅၉၆/၂၀၁၅)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဦးထွဋ်ထွဋ်ဝင်း (ဘ) ဦးစောဘချို ၃/လဘန(နိုင်)၀၃၂၄၁၂နှင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9J/8114 DAIHATSU ATRAI S331G, S/W(4x4)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင်ပန်းဝတ်ရည် ၁၂/သဃက(နိုင်)၁၄၁၁၀၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၁၅/၁-၂၊ အုတ်ကျင်းအနောက်)၊ ဦးပိုင်အမှတ်(၁၈၅)၊ မြေဧရိယာ ၀ ဒသမ ၁၈၄ ဧကရှိ မြေကွက်သည် မူလက ဒေါ်ခင်လင်းအမည်ဖြင့် အမှုတွဲအမှတ် ၂၂၁/V (၁၉၉၀-၁၉၉၁)အရ ၃၀-၆-၂၀၂၀ ရက်အထိ နှစ်(၃၀) မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်အမည်ပေါက် ဒေါ်ခင်လင်းသည် ၂၁-၁၀-၂၀၂၀ ရက် စာချုပ်စာတမ်း မှတ်ပုံတင်အမှတ်(၄၀၃/၂၀၂၀)ဖြင့် မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနတွင် မူလဂရန် ဧရိယာ ၀ ဒသမ ၁၈၄ ဧက အနက်မှ ၀ ဒသမ ၁၁၀ ဧကအား ဦးတူးရှန်သို့ ရောင်းချခဲ့ပါသည်။ ယခုအခါဦးတူးရှန် ၁/မကန(နိုင်)၁၆၁၇၈၈ မှ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ မြေငှားဂရန် (ဦးပိုင်ခွဲ/အမည်ပြောင်း)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ်တွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## ဖခင်အမည်မှန်

ကြာအင်းဆိပ်ကြီးမြို့၊ ကမော့ကျေးရွာအုပ်စု၊ ကုန်းရွာကျေးရွာနေ မသီတာလှိုင်၏ ဖခင်အမည်မှန်မှာ ဦးဆန်းအောင် ၃/ကဆက(နိုင်)၀၅၀၈၁၈ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ဦးအေးအောင်၏သား ကျောက်တန်း အထက(၂) Grade-11 မှ မောင်ရန်နိုင်မင်း၏ မွေးသက္ကရာဇ်အမှန်မှာ ၅-၁၀-၂၀၀၅ ဖြစ်ပါကြောင်း။

**မောင်ရန်နိုင်မင်း**

## အမည်မှန်

ဦးတန်ဘူ၏သား ဖားကန့်မြို့နယ်၊ အထက(ခွဲ) လုံးခင်း၊ ရွာမကျောင်း၊ Grade-6 မှ မောင်ဆင်ဒွန်းအောင် ၏ အမည်မှန်မှာ မောင်ထိန်ဘိုင်းဆင်ဒွန်းအောင် ဖြစ်ပါသည်။

## အမည်မှန်နှင့် ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက (၁)ကျောင်း၊ ၂၀၁၉-၂၀၂၂ ပညာသင်နှစ်၊ နဝမတန်း၌ ပညာသင်ကြားခဲ့သော မောင်ဟင်နရီဇော်နန်၏ အမည်မှန်မှာ မောင်ဒိုင်နာဟင်နရီဇော်နန်ဖြစ်ပြီး ၎င်း၏ ဖခင်အမည်မှန်မှာ ဦးဒိုင်နာအောင်မိုင် ၁/အဂယ(နိုင်)၀၀၁၇၁၆ ဖြစ်ပါသည်။

## မိဘအမည်မှန်

ဝိုင်းမော်မြို့နယ်၊ အထက(ခွဲ) မခန်ီးကျောင်း၊ အဋ္ဌမတန်းအောင်မှ မဆီသာ ၏ မိဘအမည်မှန်မှာ ဦးနော်ဝရတ်ချ် ၁/ဝမန(နိုင်)၀၅၈၅၇၆ နှင့် ဒေါ်ယောဂါမာယာ ၁/ဝမန(နိုင်)၁၂၂၆၁၇ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

ရေကြည်မြို့နယ်၊ အထက ငပိဆိပ် Grade-8တန်းမှ မတွယ်တာမိုး၏ ဖခင်အမည်မှန်မှာ ဦးထွန်းမြင့် ၁၄/ရကန(နိုင်)၀၉၆၇၉၁ ဖြစ်ပါသည်။

**ဦးထွန်းမြင့်**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ အထက-ရေကင်းတက္ကသိုလ်ဝင်တန်းမှ မောင်စောရန်နိုင်၏ ဖခင်အမည်မှန်မှာ ဦးအောင်နိုင်ဦး ၇/မညန(နိုင်)၁၁၅၁၂၄ ဖြစ်ပါကြောင်း။ **ဦးအောင်နိုင်ဦး**

## အမည်မှန်

ဦးခင်းကို၏သား ဝိုင်းမော်မြို့နယ်၊ အထက(ဝါရှောင်) GRADE-11 မှ မောင်အေးကိုင်၏ အမည်မှန်မှာ မောင်ကိုင်ဖ ၁/ဝမန(နိုင်)၁၁၆၅၅၈ ဖြစ်ပါသည်။

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3R/3506 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

**တိုင်းရင်းသားလူမျိုးစုများစွာ မှီတင်းနေထိုင်လျက်ရှိသည့် မိမိတို့နိုင်ငံအတွက် အချင်းချင်းသွေးစည်းညီညွတ်မှုရှိမှသာ ပြည်ထောင်စုကြီးမပြိုကွဲဘဲ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲမည်ဆိုသည်ကို အတိတ်သမိုင်းမှသင်ခန်းစာ ရရှိခဲ့ပြီးဖြစ်ပါသည်။ အနာဂတ်တွင်လည်း အလားတူပင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သောစုပေါင်းအားကို ဆက်လက်ကြိုးပမ်း တည်ဆောက်သွားကြရမည် ဖြစ်ပါသည်။**

(နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမဟာသရေစည်သူ မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သော (၇၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

၁၂-၂-၂၀၂၂

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ပြည်လမ်းနှင့် ဗားကရာလမ်းထောင့် မြေနီကုန်း ခုံးကျော်တံတားအောက်ရှိ ယာဉ်ထိန်းကင်းရုံအား PDF အမည်ခံအကြမ်းဖက်သမားများက လက်ပစ်ဗုံးများဖြင့် လာရောက်ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူ အမျိုးသမီးတစ်ဦးသေဆုံး၊ အမျိုးသားခြောက်ဦးနှင့် အမျိုးသမီးလေးဦး ထိခိုက်ဒဏ်ရာရ

နေပြည်တော် ဇူလိုင် ၁၃

နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်အဖွဲ့များအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် ရည်ရွယ်၍ စစ်ရေးပစ်မှတ်မဟုတ်သည့် အပြစ်မဲ့ပြည်သူများနေထိုင်ရာ မြို့ရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ ပြည်သူပိုင်အဆောက်အဦများ၊ လမ်းတံတားများအား ဗုံးခွဲတိုက်ခိုက်ခြင်း၊ စာသင်ကျောင်းများ၊ ရပ်ကွက်၊ ကျေးရွာများအား မီးရှို့ဖျက်ဆီးခြင်း၊ ဘုရားကျောင်းကန်၊ စေတီပုထိုးများနှင့် ပြည်သူလူထုအား အကာအကွယ်ယူ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအား တိုက်ခိုက်ခြင်း၊ အပြစ်မဲ့ပြည်သူများအား ခြိမ်းခြောက်ခြင်းနှင့် ရက်စက်စွာ ဖမ်းဆီးသတ်ဖြတ်ခြင်း အပါအဝင် လူစည်ကားသည့်နေရာများတွင် ဆင်ခြင်မဲ့စွာ ဗုံးခွဲခြင်း

စာမျက်နှာ ၁၈ ကော်လံ ၁

## စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးကို မီးရှို့ဖျက်ဆီး

နေပြည်တော် ဇူလိုင် ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးကို မီးရှို့ဖျက်ဆီးသွားခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၂၀ ကော်လံ ၁





## CDM ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များအား ကြိုဆိုရေးစခန်းများ ဖွင့်လှစ်လက်ခံခြင်းနှင့် နီးစပ်ရာလုံခြုံရေးစခန်းများ၌ လက်ခံခြင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာချက် ထုတ်ပြန်

နေပြည်တော် ဇူလိုင် ၁၃

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်း ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားကြောင်း သိရှိရသည်။

စာမျက်နှာ ၁၀ ကော်လံ ၁

### ယနေ့ သတင်း အညွှန်း


စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်တို့၌ ခရီးသည်တင်မော်တော်ယာဉ်များအား PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်မိုင်းများဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် ခရီးသွားပြည်သူများ သေဆုံး/ဒဏ်ရာရရှိ — ပြည်တွင်းသတင်း စာ - ၁၈

သီရိလင်္ကာသမ္မတ ရာဂျာပက်ခ်ဆာ တိုင်းပြည်မှ ထွက်ခွာသွားပြီးနောက် နိုင်ငံတော်အရေးပေါ်အခြေအနေ ကြေညာ — နိုင်ငံတကာသတင်း စာ - ၁၃

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့၌ ငွေကျပ်သိန်း ၂၁၀၀ တန်ဖိုးရှိ ဘိန်းဖြူ ဘလောက်တုံး ၆၀ (အလေးချိန် ၂၁ ကီလို) ဖမ်းဆီးရမိ — ပြည်တွင်းသတင်း စာ - ၂၀